မြန်မာ့အလင်း

၁၂၀၀ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၆၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်း-ကသာ-မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှုကြည့်ရှုစစ်ဆေး ရွှေဘိုခရိုင် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် တက်ရောက်ပျိုးထောင်စိုက်ပျိုးပေး

နေပြည်တော် မတ် ၁၃

စစ်ကိုင်းတိုင်း ရွှေဘိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မတ် ၁၀ ရက် နံနက်ပိုင်းတွင် တဂဏန်းစိုက်ပျိုးရေး ပညာပေးစခန်း၌ ကျင်းပသော ရွှေဘိုခရိုင် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို ပျိုးထောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေဘိုခရိုင် ကြက်မွေးမြူရေးအထူးဇုန်ရှိ ကြက်ခြံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြ ဆက်လက်လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၃

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၅ နာရီခွဲတွင် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ သွားရောက်၍ (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြ ဆက်လက်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၅ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၁၄ ရက်)

စီမံကိန်းကြီးများ ပေါင်းစပ်အကောင်အထည်ဖော် တိုင်းရင်းသားပြည်သူများ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများနှင့် မြစ်ကူးချောင်းကူးတံတားကြီးများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် အင်းမကျေးရွာကတ္တရာလမ်းဖွင့်ပွဲ၊ အင်းမ-အင်းတကော်-ခရေကန် ကျေးလက်ကျောက်ချောလမ်း၏ အင်းမ-သရက်တော လမ်းပိုင်းဖွင့်ပွဲများကို ဖေဖော်ဝါရီလအတွင်းက သက်ဆိုင်ရာကျေးရွာများ၌ ကျင်းပခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ် ခရိုင်ချင်းဆက် လမ်းအမှတ်(၃) လမ်းပေါ်ရှိ မဲဇာချောင်း(ဒိုးပင်ရွာ)တံတားဖွင့်ပွဲကို မတ်လ ၁၀ရက်နေ့က ကျင်းပခဲ့သည်။ မဲဇာချောင်း(ဒိုးပင်ရွာ)တံတားသည် သံပေါင်ဘေလီသစ်သားတံတားဖြစ်ပြီး တံတားအရှည်ပေ ၂၆၀ အကျယ် ၁၄ ပေရှိကာ ခံနိုင်ဝန်အား ၁၃ တန်ဖြစ်သည်။ အဆိုပါတံတားသည် ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့ကို ဆက်သွယ်ထားသဖြင့် ဒိုးပင်ကျေးရွာ၊ မိကျောင်းသိုက်ကျေးရွာ၊ မင်းဝံတောင်ခြေရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအတွက် ကူးသန်းသွားလာမှု လွယ်ကူလျင်မြန်ပြီး လူမှုစီးပွားဘဝမြင့်မား တိုးတက်လာမည်ဖြစ်သည်။

ယခုအခါ နိုင်ငံအတွင်း ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်းမိုင်ပေါင်း ၆၄၀၀၀ ကျော်အထိ ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ရာတွင် လိုအပ်သော နေရာတိုင်း၌ မြစ်ကူးချောင်းကူးတံတားကြီးများ တည်ဆောက်ပေးခဲ့သဖြင့် ပေ ၁၈၀အထက် ကားလမ်းတံတားပေါင်း အစင်း ၂၂၀ အစီအရီ ပေါ်ထွန်းလာပြီဖြစ်သည်။

နယ်မြေဒေသအသီးသီး၏ စီးပွားရေးအခြေခံ အဆောက်အအုံများ ဖြစ်ထွန်းခိုင်မာစေရန်နှင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် လမ်းတံတားများ တည်ဆောက်ပေးနေခြင်းသည် အမျိုးသားစီးပွားရေး တိုးပွားစည်ပင်လာရေးကို နိုင်ငံတော်က ဖော်ထုတ်ဖြည့်ဆည်းပေးနေခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းကြီးများ ချမှတ် ပေါင်းစပ်အကောင်အထည်ဖော်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူများကလည်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ ရှိပါတယ် တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒ) (အပိုင်း-၁)
၇း၄၅ အံ့ဖွယ်ထူးခြား မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)
၈း၀၅ တေးဂီတအစီအစဉ်
၈း၁၀ နိုင်ငံတကာအနုပညာရေးရာ
၈း၄၀ မိုးထက်သို့ည ဗုဒ္ဓညီလာခံ
၈း၅၅ Midweek Sports News
၉း၁၀ တေးဂီတအစီအစဉ်
၉း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ တေးဂီတအစီအစဉ်
၉း၃၀ အဖေတူသား
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (စာရေးဆရာ မိုးဆက်လင်းထက်နှင့် တွေ့ဆုံခြင်း)
၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀ **အမုန်းချစ်မှ အချစ်မုန်း (ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင်၊ ဒေါ်အိအိစိုး)**
၁၀း၄၀ မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ ခါတွင်းဥယျာဉ်စိုက်ပျိုးမှုအနုပညာ
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ MRTV-4 ကျန်းမာရေးကဏ္ဍ [အိတ်ချ်အိုင်ဗွီပိုးနှင့် အေအိုင်ဒီအက်စ်ရောဂါ] (အပိုင်း-၂) (ဒေါက်တာစစ်နိုင်)
၁၂း၂၀ တေးဂီတအစီအစဉ်
၁၂း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀ မြန်မာ့လက်ဖက်ရဲ့ တွဲဖက်အဖော် ကြက်သွန်မွှေးကြော်
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Aston Villa- Arsenal	5-Sports (Live)
၂း၂၅	Man: City- Chelsea	5-Series (Live)

တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု

ဝင်းသူဇာဆိုင်များတွင် အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေ

ရန်ကုန် မတ် ၁၃

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများကို ဝင်းသူဇာဆိုင်အသီးသီးတွင် မတ် ၁ ရက်မှ ၃၁ ရက်အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိရာ မည်သူမဆို လွတ်လပ်စွာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်အနော်ရထာလမ်း အမှတ်(၁၇၂)နေ ဦးဘဝမ်း - ဒေါ်တင်ညွန့်နှင့်သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက် ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခေတ်နှင့်အညီ တိုးတက်နေသည့်နည်းပညာကို လေ့လာသင်ယူ စွမ်းဆောင်ရည်တိုးတက်လာပြီး နိုင်ငံတော်ကို အကျိုးပြု

နေပြည်တော် မတ် ၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရုံးသုံးကွန်ပျူတာအဆင့်မြင့် သင်တန်းအမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၆နာရီခွဲက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် e-Government လုပ်ငန်းများ ဆောင်ရွက်သည့်အခါ အဆင်သင့် ဖြစ်နေစေရန်အတွက်လည်း ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနတစ်ခုလုံး ချိတ်ဆက်ဆောင်ရွက်နိုင်သည့်အခါ သတင်းအချက်အလက်များကို အချိန်တိုအတွင်း ရယူစီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ခေတ်နှင့်အညီ တိုးတက်နေသည့် နည်းပညာများကို လေ့လာသင်ယူခြင်းအားဖြင့် မိမိတို့၏ စွမ်းဆောင်ရည် တိုးတက်လာပြီး နိုင်ငံတော်ကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း အထက်ဗဟိုလမ်း အမှတ် (၁၈)နေ ဦးအုပ်စိုး-ဒေါ်စိန်ဋ္ဌေးမိသားစုတို့က ဦးအုပ်စိုး၏ မွေးနေ့အထိမ်းအမှတ် ဘိုးဘွားများအား တစ်နေ့တာ အာဟာရ ကျွေးမွေးရန်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းတစ်သောင်းငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၄-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၅ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၂၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၁၃)

မသန်စွမ်းကျောင်းများသို့ ဘီးတပ်ကုလားထိုင်များ လှူဒါန်းပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများသို့ ဘီးတပ်ကုလားထိုင်များ ထပ်ဆင့်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကျန်းမာရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများသို့ ဘီးတပ်ကုလားထိုင်များ ထပ်ဆင့်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဘီးတပ်ကုလားထိုင်များ ထပ်ဆင့်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Latter Day Saint Charities (LDSC) က လှူဒါန်းထားသော ဘီးတပ်ကုလားထိုင်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ ၁၈၂ စီး၊ သာသနာရေးဝန်ကြီးဌာနသို့ ၃၄ စီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အစီး ၃၀၊ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများသို့ ၂၅ စီး စုစုပေါင်း ဘီးတပ်ကုလားထိုင် ၂၈၁ စီးကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း ကလေးတရားစခန်းပွဲ

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် သဇင်ရေကျော်ကျောင်း ပဓာန နာယကဆရာတော် ဦးဥာဏောဘာသ၊ သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယကိုယ်တိုင် မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ငါးရက်စခန်းကို မှော်ဘီမြို့ အောင်မင်္ဂလာကျေးရွာအနီး လေထီး(၁၆)ဂိတ်၊ သဇင်ရေကျော်တိုက်ခွဲတွင် ဖွင့်လှစ်မည်ဖြစ်ပြီး စခန်းဝင်လိုသော ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ယောဂီများသည် မတ် ၂၉ ရက် ညနေ ၅ နာရီထက် နောက်မကျဘဲ လာရောက်ကြပါရန်နှင့် ဦးရေကန့်သတ်ထားရာ ဖုန်း–၆၆၄၈၆၆ နှင့် ၆၂၁၀၅၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

✻ ရှေ့ဖုံးမှ

ဆက်လက်လေ့ကျင့်

ယင်းသို့ တပ်ပါလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီး မြင့်လွင် ပါဝင်ကာ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကြီးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်အောင်တို့ ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းဇော်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုးတို့ ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်ဦးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်အောင်တို့ ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး စံဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းအောင်တို့ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလွင်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသက်ဝေတို့ ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သူရိန်ကျော်တို့ ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး နေဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွှန့်တို့ ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက နေပြည်တော် စစ်ရေးပြကွင်းကြီး၌ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြ အမိန့်စဉ်များအတိုင်း ဆက်လက်လေ့ကျင့်ကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် စစ်ရေးပြမှူးကြီး၊ စစ်ကြောင်းမှူးနှင့် တပ်ရင်းမှူးများအား စစ်ရေးပြလေ့ကျင့်မှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၁ ရက်က ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၃၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၌ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရ မောင်မင်းသီဟထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီ ဆုချီးမြှင့်စဉ်။ (က–ပ)

● ရှေ့ဖုံးမှ

ဆက်လက်စိုက်ပျိုး

ရှေးဦးစွာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်က ရွှေဘိုခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင်စေ့နှင့် အကိုင်းတို့ကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တဂဏန်းစိုက်ပျိုးရေး ပညာပေးစခန်း၌ ပျိုးထောင်ထားရှိပြီးဖြစ်သော ခြံစည်းရိုးကြက်ဆူ အစေ့ပျိုးပင်၊ အကိုင်းပျိုးပင်နှင့် ပလတ်စတစ်အိတ်ပျိုးပင်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယနေ့ကျင်းပသော ရွှေဘိုခရိုင် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်တွင် ပျိုးကိုင်းအပင် ၁၀၀၀၀ နှင့် မျိုးစေ့အပင် ၉၀၀၀၀၊ စုစုပေါင်းပျိုးပင် ၁၀၀၀၀၀ ကို ပျိုးထောင်ခဲ့ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေဘို–ကျောက်မြောင်းလမ်းပေါ်ရှိ ရွှေဘိုခရိုင် ကြက်မွေးမြူရေး အထူးဇုန်သို့ ရောက်ရှိကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်က ရွှေဘိုခရိုင်အတွင်း ကြက်မွေးမြူရေး အထူးဇုန်များ ထူထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အပိုင်းလိုက်တည်ဆောက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မြောင်းလမ်းဆုံ မိုင်တိုင်အမှတ်(၁၂)ရှိ ခရိုင်ချင်းဆက် လမ်းအမှတ်(၃) ရွှေဘိုမြို့နယ်အပိုင်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်က ခရိုင်ချင်းဆက် လမ်းအမှတ်(၃) တပ်ရွာ–ရှိမ္မကား–ခရမ်းစပ်ကုန်း ၉၁ မိုင် လေးဖာလုံကို ဝက်လက်၊ ရွှေဘို၊ ခင်ဦးနှင့် ကန့်ဘလူမြို့နယ်တို့၌ အပိုင်းအလိုက် တာဝန်ယူ တည်ဆောက်နေမှုအခြေအနေ၊ ရွှေဘိုခရိုင်အပိုင်း၌ တံတား ၂၂ စင်း၊ ရေကျော် ၁၅ ခုနှင့် လမ်းဖြစ် တာဖြစ်ခြောက်ခု ဆောင်ရွက်ရန် ကျန်ရှိနေမှု အခြေအနေ၊ လမ်းကို ပေ ၃၀ ချဲ့ခြင်း၌ ပေမပြည့်သေးသည့် ၁၃ မိုင် နှစ်ဖာလုံကို ထပ်မံဆောင်ရွက်ရမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး မိုင်တိုင်အမှတ်(၅၇/၂)အနီး လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုနှင့် လမ်းဘေးရှိ ကြံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၅၉/၆)အနီးရှိ ရွာရင်းချောင်း၌ အရှည်ပေ ၃၀၀၀၊ အမြင့်ပေ ၅၀ ရှိ လမ်းဖြစ်တာဖြစ် ဆည်တည်ဆောက်မည့်နေရာသို့ လည်းကောင်း၊ မိုင်တိုင်အမှတ်(၆၁/၅) ရွှေဘိုမြို့နယ်အဆုံးနှင့် ခင်ဦးမြို့နယ်အစ နေရာသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေအားလျှပ်စစ်ထုတ်ယူ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၆၆/၅)အနီးရှိ ကျောက်တန်းချောင်း၌ လမ်းဖြစ်တာဖြစ် ဆည်တည်ဆောက်မည့်နေရာသို့ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောက်တန်းချောင်း၏ အောက်ခံကျောက်သားများအခြေအနေနှင့် လမ်းဖြစ်တာဖြစ် ဆည်တည်ဆောက်သွားနိုင်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၇၃/၇)အနီး၌ လမ်းဖြစ်တာဖြစ် ဆည်တည်ဆောက်မည့် ကုက္ကိုအိုင်ချောင်းသို့လည်းကောင်း၊ မိုင်တိုင်အမှတ်(၇၄/၇)အနီးရှိ သူဌေးကျွန်းချောင်း၌ တံတားတည်ဆောက်မည့်အခြေအနေကိုလည်းကောင်း၊ ခရိုင်ချင်းဆက် လမ်းအမှတ်(၃) မိုင်တိုင်အမှတ်(၈၀/၃)အနီးရှိ အညာသီဟတောဘုရားလမ်းခွဲသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး အညာသီဟတောဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူတော်ငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၈၂/၀)အနီးရှိ ခင်ဦးမြို့နယ်အဆုံးနှင့် ကန့်ဘလူမြို့နယ်အစ နေရာ မိုင်တိုင်အမှတ်(၈၂/၁)နှင့် (၈၂/၂)အကြားတွင် သစ်သားတံတား တည်ဆောက်မည့် ကိုဒေါင်ချောင်းနှင့် မိုင်တိုင်အမှတ်(၉၂/၀)အနီး ချောင်းမကြီးချောင်း၌ အရှည်ပေ ၃၀၀၀၊ အမြင့်ပေ ၄၀ ရှိမည့် လမ်းဖြစ်တာဖြစ် ဆည်တည်ဆောက်နိုင်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထောက်ပံ့

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ မြရတနာဆွမ်းစားကျောင်း၌ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ရေဝတအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ထန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် ခြံစည်းရိုးကာရံရန် အလှူငွေနှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီး ဒေါ်ခင်ဝင်းသို့ လည်းကောင်း၊ ကျေးလက်လူငယ်များအတွက် အားကစားပစ္စည်းများကို ဦးလှသောင်းသို့ လည်းကောင်း၊ လမ်းအတွက် ထောက်ပံ့ငွေကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်သို့လည်းကောင်း ပေးအပ်သည်။

မဖြစ်မနေစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၀၃/၇)အနီးရှိ ထူးတွဲချောင်း(၃)၌ သစ်သားတံတားဆောက်လုပ်မည့် အခြေအနေ မိုင်တိုင်အမှတ်(၁၀၅/၄)ရှိ ဇင်းချောင်း၌ သစ်သားတံတား တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မှုနှင့် မိုင်တိုင်အမှတ်(၁၁၆/၆)ရှိ ကြက်ဆင်ကင်ချောင်းအနီး၌ စက်ယန္တရားများဖြင့် မြေသားလမ်း မြေဖို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက် လမ်းတစ်လျှောက် လမ်းဖောက်လုပ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ပြိုကျေးရွာသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းထံ ထောက်ပံ့ပေးအပ်ရာ ခြံစည်းရိုးကြက်ဆူပင်များကို မဖြစ်မနေစိုက်ပျိုးကြရေး မှာကြားသည်။

ပျိုးထောင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၃၆/၀)ရှိ ကောလင်းမြို့နယ်အဆုံး ထီးချိုင့်မြို့နယ်အစ နေရာသို့ ရောက်ရှိ၍ လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး ထီးချိုင့်မြို့နယ်လမ်းပိုင်း အခြေအနေ၊ ပတ်ဝန်းကျင်ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ်(၁၄၆/၁)အနီးရှိ ချွန်းတောင်ကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၁၄၈/၄) အနီး၌ ထီးချိုင့်မြို့နယ် ကြက်ဆူချောင်းကျေးရွာ၏ ဆီထွက်နေကြာစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေး၍ မရသိမ်ကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဒိုးပင်ကျေးရွာ၌ကျင်းပသော ထီးချိုင့်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲသို့ တက်ရောက်ကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင်အစေ့နှင့် ပျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ထီးချိုင့်မြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ပြင်သစ်သမ္မတ ဂျက်ရှီရက်

သမ္မတ တတိယသက်တမ်းအတွက် ရွေးကောက်ခံမည်မဟုတ်

ပါရီ မတ် ၁၃

ပြင်သစ်သမ္မတဂျက်ရှီရက်က ၎င်းအနေဖြင့် သမ္မတ တတိယသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်လိမ့်မည် မဟုတ်ကြောင်း၊ လာမည့်မေလ ရွေးကောက်ပွဲပြီးလျှင် နိုင်ငံရေးလောကမှ အနားယူလိမ့်မည်ဖြစ်ကြောင်း မတ် ၁၁ ရက်က ကြေညာခဲ့သည်။

ဂျက်ရှီရက်သည် ၁၉၉၅ခုနှစ်မှ စ၍ ပြင်သစ်သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ခုနှစ်တွင် အမေရိကန်က ဦးဆောင်၍ အီရတ်ကိုကျူးကျော်တိုက်ခိုက်ခဲ့ခြင်းကို အပြင်းအထန် ကန့်ကွက်ခဲ့သူဖြစ်သည်။

ပြောကြား

မိမိအနေဖြင့် သမ္မတသစ်ရွေးပွဲအတွက် အမည်စာရင်းပေးလိမ့်မည် မဟုတ်ကြောင်း သမ္မတဂျက်ရှီရက်က ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းတစ်ရပ် ပြောကြားသည်။

အဆုံးသတ်

၎င်းသည် ပြင်သစ်ခေတ် ကာလတစ်ခုကို အဆုံးသတ်ပြီဖြစ်ကြောင်း၊ လူငယ်မျိုးဆက်သစ်များအတွက် လမ်းခင်းပေးထားကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ၎င်းသည် ယခုအခါ အသက်(၇၄)နှစ်ရှိပြီ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျာမနီက အာဖဂန် မြောက်ပိုင်းသို့

ကင်းထောက်လေယာဉ်ခြောက်စင်း စေလွှတ်မည်

ကဘူးလ် မတ် ၁၃

တိုနာဒိုအမည်ရှိ ကင်းထောက် လေယာဉ်ခြောက်စင်းကို စစ်ဆင်ရေးအတွက် အာဖဂန်နစ္စတန်မြောက်ပိုင်းသို့ ဧပြီလလယ်တွင် ဂျာမနီက စေလွှတ်မည်ဖြစ်ကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအကူတပ် (အိုင်အက်စ်အေအက်ဖ်)က မတ် ၁၀ရက်တွင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

အဆိုပါ ကင်းထောက်လေယာဉ်များသည် အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း အဓိကမြို့ကြီးတစ်မြို့ဖြစ်သော မာဇာရီရှာရစ်၌ အခြေစိုက်မည်ဖြစ်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြသည်။

ဂျာမနီစစ်သား ၃၀၀၀ခန့်သည် အာဖဂန်နစ္စတန်မြောက်ပိုင်း ငြိမ်းချမ်းရေးရရှိရေးအတွက် စစ်ရေးတာဝန်များ ထမ်းဆောင်နေရာ အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင် ၃၆၀၀၀၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ဟေဘေးပြည်နယ်ရှိ မြစ်ကျဉ်းသုံးသွယ် ရေအားလျှပ်စစ်စီမံကိန်းကို မတ် ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံမှ မြစ်ကျဉ်းသုံးသွယ် ရေအားလျှပ်စစ်စက်ရုံ

ကီလိုဝပ်နာရီ ဘီလီယံ ၁၅၀ ကျော် ထုတ်လုပ်ပေးခဲ့

ယိကျန် မတ် ၁၃

တရုတ်နိုင်ငံ၏ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် မြစ်ကျဉ်းသုံးသွယ် လျှပ်စစ်ဓာတ်အားပေး စက်ရုံက ၂၀၀၃ခုနှစ်တွင် စတင်လည်ပြီးနောက်ပိုင်း လျှပ်စစ်ကီလိုဝပ် နာရီဘီလီယံ ၁၅၀ကျော် ထုတ်လုပ်ပေးပြီး ဖြစ်သည်ဟု မြစ်ကျဉ်းသုံးသွယ် စီမံကိန်းကော်ပိုရေးရှင်းက မတ် ၁၁ ရက်တွင် ကြေညာသည်။

တည်ဆောက်

၂၀၀၈ခုနှစ်တွင် စီမံကိန်းတည်ဆောက်မှု လုံးဝပြီးစီးသွားပါက တာဘိုင်ဂျင်နရေတာ ၂၆ ခုက တစ်နှစ်လျှင် လျှပ်စစ်ကီလိုဝပ်နာရီ ၈၄ဒသမ၇ ဘီလီယံအထိ ထုတ်ပေးနိုင်မည်ဖြစ်သည်။

အပြည့်အဝ လည်ပတ်သည့် တာဘိုင်ဂျင်နရေတာ ၁၄ ခုနှင့် နောက်ထပ် တာဘိုင်ဂျင်နရေတာ လေးခုတို့ ယခုနှစ် လည်ပတ်တော့မည်ဖြစ်ကြောင်း သိရသည်။

ကြေညာ

ယခုနှစ်တွင် မြစ်ကျဉ်းသုံးသွယ် ရေအားလျှပ်စစ်စက်ရုံနှင့် မြစ်အောက်ပိုင်းရှိ ကေကျူဘား ဓာတ်အားစက်ရုံတို့က ယခုနှစ်အတွင်း လျှပ်စစ် ကီလိုဝပ်နာရီ ၇၈ ဒသမ၆ ဘီလီယံ ထုတ်ပေးမည်ဟုလည်း စောစောပိုင်းက ကြေညာထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အစားထိုးစွမ်းအင် အသုံးပြုရေး

ဥရောပခေါင်းဆောင်များ သဘောတူညီ

လန်ဒန် မတ် ၁၃

လေနှင့် နေစွမ်းအင်ကဲ့သို့သော အစားထိုးစွမ်းအင်များ အသုံးပြုရေး ရည်မှန်းချက်တစ်ရပ် ချမှတ်ရန် ဥရောပသမဂ္ဂ (အီးယူ)ခေါင်းဆောင်များ သဘောတူညီကြပြီဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဘာရိုဆိုက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် ဥရောပတိုက်အနေဖြင့် ယခုအခါ ဦးဆောင်နိုင်ပြီ ဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးမင်ညျူယယ် ဘာရိုဆိုက ပြောဆိုသည်။

ဆုံးဖြတ်

၂၀၂၀ ပြည့်အရောက်တွင် အစားထိုးလောင်စာအသုံးချရေး၌ ရာခိုင်နှုန်း ၂၀ တိုးမြှင့်ရေး ရည်မှန်းချက်ကိုမည်သို့ ဖြည့်ဆည်းဆောင်ရွက်မည်ကို အီးယူ ၂၇နိုင်ငံမှ တစ်နိုင်ငံချင်းက ဆုံးဖြတ်ရမည်ဖြစ်သည်။

ပြသ

အီးယူ ခေါင်းဆောင်များ၏ ဤသဘောတူညီမှုမှာ သမိုင်းဝင် သဘောတူညီမှုဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် ဥရောပကဦးဆောင်နိုင်ခဲ့ကြောင်း ပြသပြီး လိုက်ပါဆောင်ရွက်ကြရန် ကျန်ကမ္ဘာ့နိုင်ငံများအား ပြောကြားလိုသည်ဟု မစ္စတာ ဘာရိုဆိုက ပြောဆိုသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး သတင်းစာပုံသဏ္ဍာန် ကိတ်မုန့်

ကမ္ဘာ့အကြီးဆုံးသော သတင်းစာပုံသဏ္ဍာန် ကိတ်မုန့်ကြီး တစ်ခုကို တွေ့ရစဉ်။(ယာပုံ)

တရုတ်နိုင်ငံ တီအင်ကျင် မြူနီစီပယ် အုပ်ချုပ်ရေးဒေသတွင် တီအင်ဂျင် နယူးဒေလီသတင်းစာ၏ နှစ် (၆၀၀)မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် စတုရန်းမီတာ ၃၁မီတာရှိသော သတင်းစာပုံ ကိတ်မုန့်ကြီးတစ်ခုကို ပြုလုပ်ခဲ့ရာ ၎င်းကိတ်မုန့်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး သတင်းစာပုံသဏ္ဍာန် ကိတ်မုန့်ကြီး ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ယွမ်ခြောက်သိန်းတန် သစ်ခွပင်

တရုတ်ငွေ ယွမ်ခြောက်သိန်းတန်သော သစ်ခွပင် တစ်ပင်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် မတ် ၉ ရက်မှ စတင်ကျင်းပသည့် သစ်ခွပင်နှင့် သစ်ခွပန်းပြပွဲ၌ ပြသထားသော စီချွမ်မြို့မှ သစ်ခွပင်တစ်ပင်သည် ယွမ်ခြောက်သိန်းတန်ဖိုးရှိကြောင်း သိရသည်။

(အင်တာနက်)

ဘူလ်ဂေးရီးယား နယ်စပ်တွင်

ဘိန်းဖြူ ၁၆၃ ကီလို ဖမ်းဆီးရမိ

ဆိုဖီယာ မတ် ၁၃

ဩစတြီးယားသို့ ဦးတည်မောင်းနှင်လာသော ကုန်တင်ကားပေါ်တွင်ဝှက်၍ ယူဆောင်လာသည့် ဘိန်းဖြူ ၁၆၃ ကီလိုကို ဘူလ်ဂေးရီးယားနှင့် ဆားဗီးယား နယ်စပ်တစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် ဘူလ်ဂေးရီးယား အကောက်အခွန်အရာရှိများက ဖမ်းဆီးရမိကြောင်း အကောက်ခွန်ဌာနက မတ် ၁၁ ရက်တွင် ပြောကြားသည်။

ကုန်တင်ကားပိုင်ရှင်မှာ အသက် (၄၂)နှစ်အရွယ်ရှိ တူရကီနိုင်ငံသားတစ်ဦးဖြစ်ပြီး ဖမ်းဆီးထားကြောင်း အကောက်ခွန်ဌာနက ပြောကြားသည်။

ယခုဖမ်းဆီးရမိသည့် ဘိန်းဖြူတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း၂၀ ဖိုးခန့်ရှိပြီး ဘူလ်ဂေးရီးယားနယ်စပ်တွင် လွန်ခဲ့သည့် ငါးနှစ်အတွင်း ဘိန်းဖြူဒုတိယအများဆုံး ဖမ်းဆီးရမိခြင်း ဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံသည် ဥရောပနှင့် အရှေ့တောင်အာရှ နိုင်ငံများအကြား မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ရာ အဓိကလမ်းကြောင်းတစ်ခုဖြစ်ပြီး ၂၀၀၆ ခုနှစ်က မူးယစ်ဆေးဝါး ၈ဒသမ ၄ တန် ဖမ်းဆီးရမိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦး မိုးကုတ်မြို့ ခုတင်(၁၀၀)ဆံ့ဆေးရုံသစ် အဆောက်အအုံဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၁၃

မန္တလေးတိုင်း မိုးကုတ်မြို့၌ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မတ် ၇ ရက် နံနက်ပိုင်းက မိုးကုတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်တို့နှင့်အတူ ဆေးရုံ၏ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးကုသဆောင်များ၊ ဓာတ်မှန်ခန်း၊ သွားကျန်းမာရေးဌာနနှင့် ပြင်ပလူနာဌာနများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်ချက်များ မှာကြား ပံ့ပိုးဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယဝန်ကြီးတို့သည် နံနက်ပိုင်းက (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ကျင်းပသည့် ဒေသခံပြည်သူလူထုက ငွေကျပ်သိန်းပေါင်း ၆၀၂၅သိန်း စုပေါင်းပါဝင်လှူဒါန်း တည်ဆောက်ပြီးစီးခဲ့သော ကိုယ့်အားကိုယ်ကိုး ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် ဆေးရုံသစ်၌ ဆေးရုံအုပ်၊ အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အဓိက ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ယင်းနောက် ဒုတိယဝန်ကြီးသည် မိုးကုတ်မြို့နယ် ကင်းကျေးလက် ကျန်းမာရေးဌာနနှင့် ရွှေညောင်ပင်ကျေးလက်ကျန်းမာရေးဌာနခွဲများသို့ သွားရောက်၍ ကျေးလက် ကျန်းမာရေးဌာနဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သပိတ်ကျင်းမြို့သို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယုနန္ဒာသန်းက ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်များ တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ပညာပေးခြင်းနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် အဓိကထား ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး ဆေးရုံအတွင်း လူနာဆောင်များနှင့် ဌာနများကိုလည်းကောင်း၊ ဆောက်လုပ်ဆဲ သံဃာ့ဆေးရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စဥ့်ကူးမြို့နယ် လက်ပံလှ ကျေးလက်ကျန်းမာရေးဌာန၊ ရွှေပြည် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိခဲ့ပြီး ဒေသခံပြည်သူလူထု၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များအား တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး အသစ်ဆောက်လုပ်ပြီးစီးသော ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံကို ကြည့်ရှု၍ လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မတ္တရာမြို့နယ် ရေနံ့သာ အနာကြီးရောဂါကု ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ခေတ္တဆေးရုံအုပ်ကြီးက ဆေးရုံ၏ ဝန်ထမ်းရေးရာ၊ ကုသရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဆေးရုံအတွင်း ခြေတု လက်တုအလုပ်ရုံ၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးဌာနနှင့် အတွင်းလူနာဆောင်များကို အသေးစိတ် လှည့်လည်ကြည့်ရှုကာ လူနာများနှင့်ဝန်ထမ်းများအား နှုတ်ဆက် အားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မိုးကုတ်မြို့နယ် ရွှေညောင်ပင်ရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒေါနီးကူးရပ်ကွက် ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် လိုက်ပါလျက် မတ် ၁၀ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ဒေါနီးကူးရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ရွှေက အဆောက်အအုံ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များနှင့် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဒေါ်တင်တင်ကြည်တို့က အလှူငွေများနှင့်ကလေးများအတွက် ကစားစရာအရုပ်များကို ပေးအပ်လှူဒါန်းကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဗဟိုအလုပ်အမှုဆောင်များ၊ပြည်နယ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့နယ် ကယန်းသာယာ(မြောက်) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်ပြုပြင်ပြီးစီးမှုနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ ကယန်းသာယာ(တောင်) ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်နေမှု အခြေအနေကို လည်းကောင်း၊ ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ဆေးပေးခန်းတည်ဆောက်ရန် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (လွိုင်ကော်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး **(အပေါ်ပုံ)** လွိုင်ကော်မြို့ ဇိနောဇယ ရန်ငြိမ်းအေးအောင်တော်မှ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဗဟို အလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ဒီမော့ဆို မြို့နယ် မြို့မ တောင်တန်းသာသနာပြု ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ သောဘနအား ဖူးမြော်ကြည်ညိုပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် ၁၃ သိန်း ပေးအပ်လှူဒါန်းသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဗဟိုအလုပ် အမှုဆောင်များနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လွိုင်ကော်မြို့နယ် ဓမ္မာရုံရပ်ကွက် မြို့လယ်ဓမ္မာရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က ဓမ္မာရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဓမ္မာရုံအတွင်း၌ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်သည်။

ကြည့်ရှုအားပေး

ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ မြို့နံ့ရွှေစေတီ ဘုရားဝင်းအတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲသို့တက်ရောက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လွိုင်ကော်မြို့ ရွှေတောင် ပရိယတ္တိစာသင်တိုက်ဆရာတော် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ပညာသာမိနှင့် လွိုင်ကော်မြို့ တပ်ဦးပရဟိတ ကျောင်းတိုက် ဆရာတော်တို့အား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားရုံးချုပ် (နေပြည်တော်) တရားမ အထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် မတ် ၁၃

တရားရုံးချုပ်(ရန်ကုန်)ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့ ပါဝင်သော အထူး အယူခံခုံရုံးသည် ယမန်နေ့နံနက် ၁၀ နာရီက တရားရုံးချုပ် (နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှုငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ငါးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေးရှင်းလင်း ပုဏ္ဏားကျွန်းမြို့နယ်၌ ငွေပဒေသာပင်စိုက်ထူ

ပုဏ္ဏားကျွန်း မတ် ၁၀

ကျေးရွာ စာကြည့်တိုက်များအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းထားသော ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် နှစ်လုံး၊ ရေဒီယိုအလုံး ၁၂၀ တို့အား ပေးအပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင် စိုက်ထူပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက ပုဏ္ဏားကျွန်းမြို့ ဦးရာဇ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှခိုင်က ကျေးရွာစာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေး ရေရှည်လုပ်ငန်းစဉ် ငါးရပ်ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရုပ်မြင်သံကြားပြစက်များနှင့် ရေဒီယိုများကို မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာများသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ငွေပဒေသာပင် စိုက်ထူရန် ကျေးရွာ ၁၉၂ ရွာအတွက် တစ်ရွာလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ၁၉သိန်းနှစ်သောင်းကို ကျေးရွာ ဥက္ကဋ္ဌများကိုယ်စား ယိုးတရုပ်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသန်းထွန်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ မတ် ၉ ရက်က ဆရာစံ မြောက်အရှေ့ ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် နယ်လှည့် စာကြည့်တိုက် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလွင်နှင့် ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်ခင်ဥမ္မာကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ

❖ နိုင်ငံတကာ
အချုပ်အခြာနှင့် မြန်မာဖြစ်၏။

❖ နီးနားအိမ်ချင်း၊ နိုင်ငံချင်းနှင့်
သင်းပင်းဆွေသဟာ၊ မြန်မာဖြစ်၏။

❖ နိုင်ငံသွေးချင်း အချင်းချင်းလည်း
စုစည်းခိုင်မာ မြန်မာဖြစ်၏။

❖ ဟိုနှောင့်သည်ပုတ်၊ အနောက်အုပ်စု
မဟုတ်မမှန်၊ ဖွရှာလှန်ကြ
နေ့ညမပြတ်၊ လုပ်ဇာတ်လေလှိုင်း
မီဒီယာမှိုင်းတိုက်၊ ဖော်တသိုက်နှင့်
တိုက်ခိုက်အမွှ၊ မရမကဆွဲတင်
ချိန်ခွင်လျှာဖောက်ထိုး၊ အကြံဆိုးကြံစည်
ဤကမ္ဘာပြည်သူများ၊ လှည့်ဖြားလို့ရမလား။

❖ ဤနေ့ကမ္ဘာ၊ ဤမြန်မာတွင်
ကမ္ဘာသူတွေဝင်ထွက်၊ ငြိမ်းချမ်းတဲ့ရက်တွေ
ဤမြေရွာတွင်၊ နေ့မှာနေမင်း
ညလမင်းနှင့်၊ အမင်းမင်းရပ်ရွာ
သာတောင့်သာလျက်၊ ကမ္ဘာလှည့်ခရီးလမ်း
သပြေပန်းနှင့်၊ ငြိမ်းချမ်းလုံခြုံ
ဘူမိဘုံတွင်၊ ခိုလှုံကြင်နှန်း
ဤမြေနန်းမှာ မြန်မာမှန်းသိစေလော့။ ။

မြနန္ဒာ(မန္တလေး)

စက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေး

မတ် ၁၂ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ လှိုင်သာယာစက်မှုဇုန်ရှိ United Wood Industries Co., Ltd. စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းဖော်ပြပြီး)
(သတင်းစဉ်)

ကျောက်စိမ်းအတွဲများ စတင်ရောင်းချ ရတနာကုန်သည်များ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် မတ် ၁၃

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်ဖြင့် စတင်ရောင်းချမှုကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပသည်။

အဆိုပြုလွှာ

ရှေးဦးစွာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက မတ် ၈ ရက်မှ မတ် ၁၂ ရက်အထိ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာ၍ မိမိတို့ ဝယ်ယူလိုသော ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို တင်ဒါပုံးများ အတွင်းသို့ ထည့်သွင်းခဲ့ကြသည်။

ဆက်လက်ရောင်းချ

အဆိုပါကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က ဖွင့်ဖောက် စစ်ဆေးကြပြီး ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် အများဆုံးဝယ်ယူရရှိသူ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကြေညာရောင်းချပေးရာ ညနေ ၄ နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၆၆၀တွဲကို ရောင်းချရသည်။ ညနေပိုင်းတွင် ကျောက်စိမ်းအတွဲများကို ဆက်လက်ရောင်းချလျက်ရှိသည်။

ပြည်တွင်းပြည်ပ

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် တက်ရောက်လာကြသူများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကုမ္ပဏီ ၆၅၂ ခုတို့မှ ရတနာကုန်သည် ၁၈၆၁ ဦး၊ ထိုင်းနိုင်ငံကုမ္ပဏီ ၃၇ ခုတို့မှ ရတနာကုန်သည် ၁၂၀၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦး၊ ရုရှားဖရက်ဒရေးရှင်းနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ဂျပန်နိုင်ငံ ကုမ္ပဏီကိုးခုတို့မှ ရတနာကုန်သည် ၁၀ဦး၊ အိန္ဒိယသမ္မတနိုင်ငံ ကုမ္ပဏီနှစ်ခုတို့မှ ရတနာကုန်သည် ခြောက်ဦး၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ ကုမ္ပဏီသုံးခုတို့မှ ရတနာကုန်သည် ငါးဦး၊ အီတလီနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် သုံးဦး၊ စင်ကာပူသမ္မတနိုင်ငံ ကုမ္ပဏီငါးခုတို့မှ ရတနာကုန်သည် ၁၀ဦး၊ ကနေဒါနိုင်ငံကုမ္ပဏီနှစ်ခုတို့မှ ရတနာကုန်သည်နှစ်ဦး၊ ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ဩစတြေးလျနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ပြင်သစ် သမ္မတနိုင်ငံ ကုမ္ပဏီနှစ်ခုတို့မှ ရတနာ ကုန်သည်နှစ်ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၄၃၈ ခုတို့မှ နိုင်ငံသားရတနာကုန်သည် ၁၃၃၈ ဦး၊ စုစုပေါင်း ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၃၃၆၁ ဦးတို့ဖြစ်ကြသည်။

ကျောက်စိမ်းအတွဲများကို မတ် ၁၄ ရက်တွင် တင်ဒါစနစ်ဖြင့် ဒုတိယနေ့အဖြစ် ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းတွဲများကို မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချစဉ်။ (သတင်းစဉ်)

ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးအတွက်ရန်ပုံငွေခွဲဝေသုံးစွဲရေး တတိယအကြိမ်လုပ်ငန်းတိုးတက်မှုဆိုင်ရာညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၃

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံအတွင်း ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးအတွက် ရန်ပုံငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ တတိယအကြိမ် လုပ်ငန်းတိုးတက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး 3rd Coordinating Body Meeting for Three Diseases Fund, Myanmar ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေး အတွက် ရန်ပုံငွေခွဲဝေသုံးစွဲရေးဆိုင်ရာ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ Country Coordinating Body for Three Disease Fund ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံအတွင်း ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရေးဆိုင်ရာ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ ကော်မတီဝင်များ ဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်များမှ စီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရေးဆိုင်ရာ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်သည့်အလျောက် ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေး ရန်ပုံငွေလည်း တစ်ခန်းတကဏ္ဍ အထောက်အကူပြုသည့် လုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ အဓိကရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေး ရန်ပုံငွေ ရရှိရေး နားလည်မှုစာချွန်လွှာကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် UNOPS တို့ အကြား လက်မှတ်ရေးထိုးခဲ့ပြီး ရန်ကုန်မြို့၌ UNOPS ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရုံးတွင် လိုအပ်သည့် ရုံးဝန်ထမ်းများအား ခန့်ထားဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှလည်း သဘောတူညီပြီးဖြစ်ကြောင်း။

စိစစ်သုံးသပ်

၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် UNOPSအဖွဲ့မှ အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာများအား တင်သွင်းရန် တောင်းခံခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပြုလွှာများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စိစစ်သုံးသပ်ပြီး ၂၀၀၇ခုနှစ် မတ်၁၅ရက်တွင် ကျင်းပမည့် ရန်ပုံငွေဘုတ်အဖွဲ့ အစည်းအဝေး၌ အတည်ပြုချက် ရယူမည်ဖြစ်ကြောင်း၊ ညှိနှိုင်းကြီးကြပ်ရေး အဖွဲ့ကိုယ်စား ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အဆိုပါ အစည်းအဝေး၌ အလှူရှင်ဘုတ်အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လက်ရှိဆောင်ရွက်လျက်ရှိသော ရောဂါသုံးမျိုး တိုက်ဖျက်ရေး လုပ်ငန်း အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

သဘောတူညီ

အဓိကရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးအတွက် ဖွဲ့စည်းထားသော နည်းပညာရပ်ဆိုင်ရာ ကွပ်ကဲရေးအဖွဲ့နှင့် ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးတွင် ရန်ပုံငွေ ခွဲဝေသုံးစွဲရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ အမျိုးသား ကျန်းမာရေးဆိုင်ရာ နည်းဗျူဟာအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူညီကြပြီးဖြစ်ကြောင်း၊ အဓိကရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေး ရန်ပုံငွေအတွက် ရန်ပုံငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့နှင့် နည်းပညာရပ်ဆိုင်ရာ ကွပ်ကဲရေးအဖွဲ့တို့၏ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ချက်များကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရန် အစည်းအဝေးတက်ရောက်သူများက သဘောတူညီကြပြီးဖြစ်ကြောင်း ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွန့်စိန်က အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေး လုပ်ငန်းတိုးတက်မှုနှင့် အမျိုးသားအဆင့် နည်းဗျူဟာပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းများနှင့် ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးတွင် အဖွဲ့အသီးသီးမှတင်ပြထားသော စိတ်ဝင်စားမှု တင်ပြချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်က အဓိကရောဂါကြီးသုံးမျိုးနှင့်ပတ်သက်သည့် ယခုလက်ရှိဆောင်ရွက်ထားရှိမှု အမျိုးသားရောဂါတိုက်ဖျက်ရေးစီမံချက်များ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ အဖွဲ့အစည်းအသီးသီးမှတင်ပြထားသည့် EOIတွင် နေရာဒေသရွေးချယ်မှု ထပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။ ထို့နောက် အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရေးဆိုင်ရာ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေးကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကားပြောကြား

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/၂၀၀၇)ကို မတ် ၈ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ တက္ကသိုလ် ကောင်စီဝင်များဖြစ်ကြသော ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်နှင့် ဦးစိုးဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့်တက္ကသိုလ်ကောင်စီဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**ဆက်လက်၍ တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ထို့နောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်အမှတ်(၁/၂၀၀၇)ဖြင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်း ခံရသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်မှ မိုးညှင်း အရှင်ဣန္ဒက(ရွှေဘို)အား ထပ်ဆင့် ဂုဏ်ပြု ပူဇော်ပွဲကို မတ် ၄ ရက်က ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးလှမြင့်ဦးက ဂုဏ်ပြုဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က တည်ခင်းဧည့်ခံသည့် ပညာရေးဘွဲ့တစ်နှစ်သင်တန်းအမှတ်စဉ်(၁၆)၊ ပညာရေးဘွဲ့ (ပေါင်းကူး)နှစ်နှစ် သင်တန်းအမှတ်စဉ်(၂)၊ ပညာရေးဘွဲ့လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)၊ ဆရာ အတတ်ပညာဒီပလိုမာသင်တန်း အမှတ်စဉ်(၅)နှင့် အလယ်တန်း ဆရာအတတ်သင်တန်းအမှတ်စဉ်(၁၆)တို့မှ သင်တန်းသား၊ သင်တန်းသူတို့၏ ဘွဲ့နှင်းသဘင် အကြိုဂုဏ်ပြုညစာ စားပွဲကို မတ် ၈ ရက် ညနေ ၆ နာရီက တက္ကသိုလ်ရင်ပြင်၌ ကျင်းပသည်။

ညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ် ကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်နှင့် ဦးစိုးဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ်၊ တက္ကသိုလ် ကောင်စီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်တို့သည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် ညစာသုံးဆောင်နေစဉ်တွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး စိတ်ဓာတ်မြင့်မားရေးတေးသီချင်းများဖြင့် ဧည့်ခံ၍ ညစာစားပွဲ အပြီးတွင် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများက တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့်ဖျော်ဖြေတင်ဆက်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့က တိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)



ပညာရေးဘွဲ့ တစ်နှစ်သင်တန်း အမှတ်စဉ်(၁၆)၊ ပညာရေးဘွဲ့ (ပေါင်းကူး) နှစ်နှစ် သင်တန်းအမှတ်စဉ်(၂) ပညာရေးဘွဲ့ လေးနှစ်သင်တန်းအမှတ်စဉ် (၃၈)၊ ဆရာ အတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၅)နှင့် အလယ်တန်းဆရာ အတတ်သင်တန်းအမှတ်စဉ်(၁၆)တို့မှ သင်တန်းသား၊ သင်တန်းသူတို့၏ ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲတွင် သင်တန်းသား သင်တန်းသူများက တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ ကျင်းပရေး စာနယ်ဇင်းရှင်းလင်း

ရန်ကုန် မတ် ၁၃

အသင်းဝင်အချင်းချင်း ကူညီပေါင်းစည်းလုပ်ဆောင်နိုင်ရန်၊ အသင်းဝင်အချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေရန်၊ အသင်းဝင်များ၏ လုပ်ဆောင်နိုင်သော လုပ်ငန်းအောင်မြင်မှု၊ စွမ်းဆောင်မှုများ ပေါ်လွင်စေရန်နှင့် အသင်းဝင်အချင်းချင်း လုပ်ငန်းဆက်စပ်မှု နည်းပညာများ နီးနှောဖလှယ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) (၁၂)နှစ်မြောက် အထိမ်းအမှတ် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ၏ ထုတ်ကုန်အရောင်းပြပွဲ ကျင်းပရေးအတွက် စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အဆိုပါအသင်းရုံး၌ ကျင်းပရာ အသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီနှင့် အလုပ်အမှုဆောင်များနှင့် စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်လည်ဖြေကြား

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်**(ယာပုံ)**က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက ဈေးရောင်းပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက ပြန်လည်ဖြေကြားကြသည်။

ရောင်းချသွားမည်

အဆိုပါ ဈေးရောင်းပွဲတော်ကို ဧပြီ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြည်တွင်းဖြစ် မြန်မာ့ချည်ထည် ပိုးထည်များ၊ မြန်မာ့လက်မှုပစ္စည်းများ၊တိုင်းရင်းသားဒေသထွက်ပစ္စည်းများ၊ ရိုးရာအစားအသောက်များ၊ မြန်မာ့ရိုးရာ သနပ်ခါးနှင့် ပြည်တွင်းဖြစ် အလှကုန်ပစ္စည်းများ၊ မြန်မာ့တိုင်းရင်းဆေးများ၊ ပြည်တွင်းဖြစ် မြန်မာ့ပုလဲများနှင့်ပြည်တွင်း စက်ရုံများမှ ထုတ်လုပ်သောပစ္စည်းများကို ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

ဂုဏဝိသိဋ္ဌ ပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ပါရမီစံကျောင်း ပရိယတ္တိစာသင်တိုက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရသီရိအား ဂုဏဝိသိဋ္ဌ ပူဇော်ပွဲနှင့် ဧရာဝတီတိုင်း မအူပင် မြို့နယ် ထရော်ကျွဲလမ်းနေ အလှူ့ဒါယကာ ဦးထွန်းရွှေ အလှူ့ဒါယိကာမ ဒေါ်ခင်မေ မိသားစုတို့၏ ရှင်းပြုရဟန်းခံအလှူ၊ဘုရားဆင်းတုတော် ပလ္လင်ကျောင်းဆောင်၊ မုခ်ဦး၊ နတ်လမ်း၊ ကုဋီ၊ ရေကန်များ ရေစက်ချပွဲကို မတ် ၁၅ ရက်တွင် ပါရမီစံကျောင်း စာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။ အကြိုညတရားပွဲအဖြစ် မဟာဓမ္မကထိက ဗဟုဇနဟိတရေ သံတွဲဆရာတော်နှင့် မအူပင် ဦးကုမုဒ အရှင်မြတ်တို့က တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

14-3 (07) 1 3/14/07, 2:36 PM

အမှာစကား ပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန် စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ မိုင်၃၀ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ မိုင်၃၀ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန် စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ရှေးဦးစွာ ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်မြို့ မိုင်၃၀ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကြည်ဝင်းက ဇုန်နယ်မြေများအလိုက် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စိုက်ပျိုးရေးဆိုင်ရာပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများအခြေအနေနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဇုန်နယ်မြေ(၄)တာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေး ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာသတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၁၃

၁။ **သံသယဖြစ်ဖွယ်ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု**

(က) ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရစ်မွေးမြူရေးခြံ တစ်ခြံတွင် ရစ်ကောင်ရေ ၁၂၀ မွေးမြူထားရှိသည့်အနက် ၁၂-၃-၂၀၀၇ရက် မှ ၁၃-၃-၂၀၀၇ ရက်အထိ ၆၆ကောင် သေဆုံးခဲ့သည်။ ရန်ကုန်တိုင်း တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၏ ပဏာမစစ်ဆေးချက်အရ သံသယဖြစ်ဖွယ် H5 ဗိုင်းရပ်စ်ပိုးတွေ့ရှိရသဖြင့် Suspected Caseအဖြစ် သတ်မှတ်ပြီး ရောဂါအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးအစီအစဉ် (Risk Prevention) အရ လက်ကျန်ကောင်ရေ ၅၄ ကောင်နှင့် ရစ်ခြံအနီးပတ်ဝန်းကျင်ရှိ တိုင်းရင်းကြက် ၂၇ ကောင်၊ ဘဲ ၁၅ကောင်တို့ကို ရှင်းလင်းသုတ်သင်ခဲ့ကြောင်း။

(ခ) မင်္ဂလာဒုံမြို့နယ် ငုံးမွေးမြူရေးခြံတစ်ခြံတွင် ငုံး၂၃၀၀ မွေးမြူထားရှိသည့်အနက် ၁၂-၃-၂၀၀၇ရက်မှ ၁၃-၃-၂၀၀၇ရက်အထိ ငုံးကောင်ရေ ၆၀သေဆုံးခဲ့ပြီး ရန်ကုန်တိုင်း တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ ပဏာမစစ်ဆေးချက်အရ သံသယဖြစ်ဖွယ် H 5 ဗိုင်းရပ်စ်ပိုးတွေ့ရှိရသဖြင့် Suspected Case အဖြစ်သတ်မှတ်ပြီး ရောဂါအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးအစီအစဉ် (Risk Prevention) အရ လက်ကျန်ကောင်ရေ ၂၂၄၀တို့ကို ရှင်းလင်းသုတ်သင်ခဲ့ကြောင်း။

၂။ **တိရစ္ဆာန်ကျန်းမာရေး သတိပေးနှိုးဆော်ချက်**

(က) အထက်ပါဖြစ်စဉ်ကို လေ့လာရာတွင် အဆိုပါခြံများသည် ဇီဝလုံခြုံမှုလွန်စွာနည်းပါးကြောင်း စိစစ်တွေ့ရှိရ၍ ရန်ကုန်တိုင်း မွေးမြူရေးခြံများ အနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာ လူ၊ တိရစ္ဆာန်၊ ငှက်ရိုင်း၊ တိရစ္ဆာန်အစာအိတ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းများ အဝင်/အထွက်၊အသွား/အလာကန့်သတ်ထိန်းချုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ အထူးဂရုပြုစီမံဆောင်ရွက်ရန်။

(ခ) ကြက်သေဆုံးမှုရှိပါက ဈေးအတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်းမပြုရန်၊ ကြက်သေကောင်ကို စည်းကမ်းမဲ့ လွှင့်ပစ်ခြင်း မပြုဘဲ မြေမြှုပ်ရန်။

(ဂ) တိရစ္ဆာန်အစာအိတ်ဟောင်းများ လဲလှယ်ခြင်း၊ ပြန်လည် အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်းတို့ကြောင့် ရောဂါကူးစက်လွယ်သဖြင့် အစာအိတ်အဟောင်းများကို ပြန်လည်အသုံးပြုခြင်း မပြုရန် (မလွဲမရှောင်သာ၍ ပြန်လည်အသုံးပြုရပါက အစာအိတ်အဟောင်းများကို ဆေးကြောပိုးသတ်ပြီးမှ ပြန်လည်အသုံးပြုရန်။)

(ဃ) မွေးမြူရေးခြံ အတွင်း/ပြင် ကျီးကန်း၊ စာကလေး၊ ခိုများ မဝင်ရောက်နိုင်ရန် လုံခြုံစွာအကာအကွယ်များဖြင့် ဆောင်ရွက်ထားရှိရန်။

(င) ရောဂါဖြစ်ပွားသည့်ခြံရှိ ကြက်/ဘဲများ၏ မစင်များကို ရွှေ့ပြောင်းခြင်း၊ သယ်ဆောင်ခြင်းမပြုမီ ပိုးသတ်ဆေးဖျန်းရန်။

(စ) မွေးမြူရေးခြံများတွင် လုပ်ငန်းတာဝန်ယူဆောင်ရွက်နေ သည့် မွေးမြူသူများ၊ အလုပ်သမားများအား ကြက်နှင့် ကြက်ထွက်ပစ္စည်းဒိုင်များ၊ ဆိုင်များသို့ မသွားရောက်စေရန်နှင့် ပြင်ပလူများ ခြံအတွင်း မဝင်ရောက်စေရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

○ ကျောဖုံးမှ

ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၁ရက် နံနက်၈နာရီတွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမသို့ ရောက်ရှိပြီး တနင်္သာရီတိုင်း အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၊ ပညာရေးမှူးများ၊ ပညာရေးဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တနင်္သာရီတိုင်း ပညာရေးမှူး ဦးဝင်းဆွေက တိုင်းအတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ပညာရေးဝန်ထမ်းများဖွဲ့စည်းပုံ၊ ကျောင်းသားအင်အား၊ ၂၀၀၆-၂၀၀၇ခုနှစ် အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်မှု၊ စာတတ်မြောက်ရေးလှုပ်ရှားမှု၊ ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်နှစ်အတွင်း ထူးချွန်စွာအောင်မြင်ရေး စီမံဆောင်ရွက်မှုများနှင့် ကျောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြော

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် မျိုးဆက်သစ်လူငယ်များအား ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် ဆရာဆရာမများက မူလတန်းအရွယ်ကစတင်ကာပြုစု ပျိုးထောင်ပေးရန်လိုကြောင်း၊ အလားတူ ပြည်သူများအတွင်းသို့လည်း စိမ့်ဝင်ပျံ့နှံ့အောင် ပညာရေးဝန်ထမ်းများက ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယနေ့ကျောင်းများ၏အသွင်ဏ္ဍာန်ကို နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်း၍ ပြည့်စုံအောင်ဆောင်ရွက်ပေးထားသကဲ့သို့ အနှစ်သာရအားဖြင့်လည်း စစ်မှန်သောပညာတတ်များ ပေါ်ထွက်လာပြီး နိုင်ငံတော်၏ ပညာရွှေအိုးများဖြစ်လာအောင် ဆရာ၊ ဆရာမများက အသိရှိရှိ၊ သတိရှိရှိဖြင့် စေတနာထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆရာဆရာမများသည် ကျောင်းသင်ခန်းစာများ သင်ကြားပို့ချခြင်းများအပြင် ယခုအချိန်၌ ပြည်ပ ယဉ်ကျေးမှု ထိုးဖောက် ဝင်ရောက်မှုကို ကာကွယ် ဟန့်တားနိုင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝတ်စားဆင်ယင်မှုအပိုင်းများတွင်လည်း ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာဆရာမများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြောကြားသည်။

ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ ဆိပ်ငယ်တံတားမှ အမြန်ရေယာဉ်ဖြင့် သရက်ချောင်းမြို့ ဆင်ဖြူပြင်ဆိပ်ကမ်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအုပ်စုသို့ရောက်ရှိပြီး "ချောင်ရှည်ချောင်း"ချောင်းကောတူးဖော်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးရာ ထားဝယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်က ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါးစိုက်ပျိုးမှုအခြေအနေ၊ ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးစိုက်ပျိုးမည့် အစီအစဉ်များ၊ ကနိုင်းဒါကျေးရွာ ချောင်းကောမြောင်းကောတူးဖော်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကိုမေးမြန်းဆွေးနွေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

အဆိုပါ ထားဝယ်မြို့နယ် ကနိုင်းဒါ ကျေးရွာအုပ်စု ချောင်ရှည် ချောင်းကောကို ကိုယ့်အားကိုယ်ကိုး တူးဖော်နေရာ စုစုပေါင်းပေ၃၄၀၀၌ တူးဖော်ရန်ပေ ၁၅၀၀ကျန်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်တက္ကသိုလ်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် Evergreen Fine Arts Co., Ltd.မှ မန်နေဂျာ ဦးအောင်ကျော်ဦးက အလျား ၅၀၇ ပေ၊ အနံ ၃၀၇ပေရှိ လေးထပ်ပင်မဆောင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရန် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအဆင့် သတ်မှတ်ရာတွင် အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ စီးပွားရေးတောင့်တင်းခိုင်မာမှု၊ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးတိုးတက်မှုစသည့် စံနှုန်းဖြင့် သတ်မှတ်လေ့ရှိကြောင်း၊ ပြည်သူများကျန်းမာပြီး ပညာရည်မြင့်မားတိုးတက်မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ပြည်ပယဉ်ကျေးမှုအတုယူမမှားရအောင် ထိန်းသိမ်းလေ့ကျင့်ပျိုးထောင်ပေးကြရန်လိုကြောင်း၊ မျိုးဆက်သစ်လူငယ်များအား လူချွန်လူမွန်များဖြစ်အောင် မွေးထုတ်သင်ကြားပေးရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် ဆရာဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၃

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကို မတ်၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အိမ်ရာတိုက် (၆၈) အခန်း (၄) ဆရာဦးထွန်း၏ နေအိမ်နှင့် မျက်နှာချင်းဆိုင်ရှိ သာသနာ့ဟိတကာရီဓမ္မာရုံတွင် ကျင်းပရန်စီစဉ်ထားသည်။

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင်များနှင့် အသင်းဝင်များ၏မိဘများ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်မိဘများ၏ သားသမီးများစာရင်းကို မတ် ၂၀ရက် နောက်ဆုံးထား၍ အထောက်အထားများနှင့်အတူ နာယက ဦးထွန်း ဖုန်း-၃၈၇၅၃၄၊ ဦးသွေးမြင့် ဖုန်း-၅၈၀၆၁၈နှင့် ဒေါ်ခင်လေးမြင့် ဖုန်း-၃၇၄၉၆၅တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပြီး အသင်းဝင်သူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများ အားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

■ ကျောဖုံးမှ

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း အထူးအဖွဲ့(၁)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျိုင်းတုံလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက ကျိုင်းတုံလေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်အပိုင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး စက်ယာဉ်များဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် အထူးကြပ်မတ် ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အမီပြီးစီးရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆင်းသက်နိုင်

အဆိုပါလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၄၇၀၀၊ အကျယ်ပေ ၇၀၊ လမ်းသား ၁၂ လက်မရှိသည့် ကျောက်ကတ္တရာ လမ်းအမျိုးအစားဖြစ်ပြီး ပြေးလမ်းမှာ ရေပြင်ညီမဟုတ်ဘဲ လက်ရှိပြေးလမ်း အနေအထားအတိုင်း အနိမ့်အမြင့်ဖြင့် တည်ဆောက်ထားကာ F၂၇ ဖော်ကာလေယာဉ်များသာ ဆင်းသက်နိုင်သည်။

လေယာဉ်ပြေးလမ်းသစ်ကို အရှည် ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀၊ လမ်းသား လေးလက်မ အထူးကတ္တရာ ကွန်ကရစ်ပြေးလမ်းအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ဖွံ့ဖြိုးမှုကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ကျိုင်းတုံ လေဆိပ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ကျိုင်းတုံမြို့တွင်းသို့ ဖြတ်ကာ ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

သာယာလှပမှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် သစ်တစ်ပင်တောင် အပန်းဖြေစခန်းသို့သွားရောက်၍ အလောင်းမင်းတရားကြီးလက်ထက် ၁၇၅၃ ခုနှစ် ခရစ်သက္ကရာဇ်၁၁၁၅ခုနှစ်ကစိုက်ပျိုးခဲ့သည့် အမြင့် ၂၁၈ပေ၊ ရင်စို့လုံးပတ် ၃၆ ပေ ရှစ်လက်မ၊ အောက်ခြေလုံးပတ် ၃၉ ပေ ၁၀လက်မရှိ ကညင်ဖြူပင်ကြီးကို ကြည့်ရှုလေ့လာကြကာ အပန်းဖြေစခန်းပေါ်မှ ရော်ဘာစိုက်ခင်းနှင့် ကျိုင်းတုံမြို့၏သာယာလှပမှုကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ နောင်တုံကန်၏ သာယာလှပမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားသို့ရောက်ရှိကြပြီး မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဖယောင်းတိုင်၊ အမွှေးနံ့သာတို့ဖြင့် ဖူးမြော်ကြည်ညိုကြကာ အလှူငွေများလှူဒါန်းပြီး ဧည့်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ငွေလှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ အမှတ်(၁) ရပ်ကွက်၌ တည်ထားကိုးကွယ်သော ခေမရဋ္ဌ ဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီးသို့ရောက်ရှိကြပြီး ရုပ်တော်မူဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဖယောင်းတိုင်၊ အမွှေးနံ့သာတို့ဖြင့် ဖူးမြော်ကြည်ညိုကြကာ အလှူငွေများလှူဒါန်းပြီး ဧည့်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီးနောက် ကျိုင်းတုံမြို့တွင် ညအိပ်ရပ်နားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ရွှေစာရံကေအမ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

မန္တလေး မတ် ၁၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့က ကြီးမှူး၍ ၂၀၀၇ခုနှစ် Shwe Sar Yan KM Golf Open Championship ပြိုင်ပွဲ နောက်ဆုံးနေ့ပြိုင်ပွဲကို မတ် ၁၁ ရက် နံနက် ၇ နာရီခွဲက မန္တလေးမြို့၊ ရွှေစာရံဂေါက်ကွင်း၌ ဆက်လက် ကျင်းပရာ Professional Golfer မင်းနိုင်နှင့် Amature Golfer အောင်ဝင်း(မုံရွာ)တို့က ပထမဆုရရှိသွားကြသည်။

နောက်ဆုံးနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfer ပြိုင်ပွဲ၌ မင်းနိုင်က သတ်မှတ်ရိုက်ချက် ၄ ချက် လျှော့ရိုက်ပြီး ၆၈+၇၁+၆၉+၆၈၊ ၂၇၆ ချက်ဖြင့် ပထမ၊ စိုးကျော်နိုင်က ၂၇၉ ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့်(KM)က ၂၈၂ချက်ဖြင့် တတိယ အသီးသီးရရှိသွားကြသည်။

နောက်ဆုံးနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Amature Golfer ပြိုင်ပွဲ၌ အောင်ဝင်း (မုံရွာ)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁+၇၁+၇၁+၇၁ ၂၈၄ ချက်ဖြင့် ပထမ၊ ဘိုဘိုက ၂၈၉ ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းက၂၉၂ချက်ဖြင့် တတိယအသီးသီး ရရှိသွားကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲအပြီးဆုများချီးမြှင့်ရာ Daily Best ဆုများကို ဦးချမ်းဟန် (အတွင်းရေးမှူး)ကလည်းကောင်း၊ Amature ဆုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်ကလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional တတိယဆုနှင့် ဒုတိယဆုများကိုလည်းကောင်း ဆုချီးမြှင့်ပေးအပ်သည်။

ချီးမြှင့်

ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က Professional ပြိုင်ပွဲတွင် ပထမဆုရရှိသူမင်းနိုင်အား ပထမဆု ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲတွင် KM Golf Centre က အဓိကပံ့ပိုးပြီး Air Bagan Nikon၊ Sun far Traveles & Tours ၊ Damco၊ Heritage Sports & Golf၊ Bay of Bengal၊ Aung Kyun Than Shwe Tha Pyay၊ Imperial Jade၊ Maruman၊ Tourstage၊ Bridgestone Golf တို့က အသီးသီးပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် KM Golf Center နှင့် Mandalay Golf Association တို့ကတာဝန်ယူဆောင်ရွက်ပေးကြောင်းသိရသည်။ **(သတင်းစဉ်)**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ယင်လုံအိမ်သာခွက်နှင့်ဆေးဝါးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းက ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ယင်လုံအိမ်သာခွက်များနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၂ ရက်တွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဒေါ်ထွေးထွေးညွန့်က အလှူပစ္စည်းများ လှူဒါန်းရခြင်း အကြောင်းနှင့် အသင်း အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ပံ့ပိုးကူညီသော ယင်လုံအိမ်သာခွက်၁၀၀ကိုပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်ထံသို့ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသည့် ငွေကျပ် သိန်း၃၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်သဇင်နွယ်က တိုင်းကြီးကြပ်အတွင်းရေးမှူး ဒေါက်တာငွေစန်းထံသို့ လည်းကောင်း၊ အမှုဆောင်ညွှန်ကြားရေးမှူးက မူကြိုကျောင်းသုံး စာကြည့်တိုက်သေတ္တာနှင့်စာအုပ်များကို တိုင်းကျန်းမာရေးအရာရှိ ဒေါက်တာဒေါ်ခင်ထားနှစ်ထံသို့လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့သည် သာယာဝတီမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ရောက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် တွေ့ဆုံကာ ကျန်းမာရေး အသိပညာပေးဆွေးနွေးပြီး သားဖွားခန်း၌ အသုံးပြုရန် Clean Delivery kit အတွက် အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ပြည်မြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကိုယ်ဝန်ဆောင် မိခင်များနှင့် တွေ့ဆုံကာ ရင်းနှီးပွင့်လင်းစွာ ကျန်းမာရေးအသိပညာပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် သားဖွားခန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် ဝန်ထမ်းများအား လိုအပ်သည်များကို အကြံပြုမှာကြားပြီး သားဖွားခန်း၌ အသုံးပြုရန် Clean Delivery kit အတွက် အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းသည်။

ဆွေးနွေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များ၊ တိုင်းကြီးကြပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား သီရိခေတ္တရာ ရတနာမြို့တော် ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများအကြောင်းကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူချိန်

၁၃–၃–၂၀၀၇

နေပြည်တော်	၃၈	ဒီဂရီစင်တီဂရိတ်
ဗန်းမော်၊သီပေါ	၃၄	ဒီဂရီစင်တီဂရိတ်
ကသာ	၃၅	ဒီဂရီစင်တီဂရိတ်
မန္တလေး	၃၆	ဒီဂရီစင်တီဂရိတ်
ကျောက်တော်	၃၈	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၉	ဒီဂရီစင်တီဂရိတ်
မင်းဘူး၊သာယာဝတီ	၄၀	ဒီဂရီစင်တီဂရိတ်

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးခန့်အပ်ရန် သဘောတူ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာဘန်စန်း၊ ဘွန်နတ်ခ်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီဖြစ်သည်။

မစ္စတာဘန်စန်း၊ ဘွန်နတ်ခ်သည် ၁၉၅၉ခု ဧပြီ၇ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ချူလာလောင်ကွန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(အစိုးရ)ကိုရရှိခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ကိုမူနိုင်ငံတကာနိုင်ငံရေးနှင့် စီးပွားရေးဘာသာရပ်တို့ဖြင့် အမေရိကန်ပြည်ထောင်စုရှိ ဒီထရွိုက်တက္ကသိုလ်မှရရှိခဲ့သည်။

၎င်းသည် ၁၉၈၃ ခုနှစ်တွင် အမျိုးသားစီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု ဘုတ်အဖွဲ့တွင် မူဝါဒနှင့်စီမံကိန်းစိစစ်ရေးအရာရှိ အဖြစ် အစိုးရဝန်ထမ်းလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၄ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အာဆီယံ (ထိုင်း)ညွှန်ကြားရေးမှူးချုပ်ရုံးတွင် သံအရာရှိအဖြစ် စတင်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၅မှ ၁၉၈၇ခုနှစ်အထိ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ နိုင်ငံရေးရာဦးစီးဌာနတွင် အမှုထမ်းခဲ့ပြီး ၁၉၈၉ မှ ၁၉၉၀အထိ ဝါရှင်တန်ဒီစီမြို့ရှိ ထိုင်းနိုင်ငံသံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ် ဦးစွာတာဝန်ထမ်းဆောင်၍ နောင်တွင် ပထမအတွင်းဝန်ရာထူးသို့တိုးမြှင့်ခြင်းခံခဲ့ရသည်။ ထို့နောက် ၁၉၉၃မှ၂၀၀၁ အထိ ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနရှိ ဌာနခွဲများ တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်ကြားရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး၏ အတွင်းရေးမှူးရုံးအဖွဲ့တွင် ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၀၃ ခုနှစ်မှစ၍ ယခုအချိန်အထိ လန်ဒန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးတွင် သံအမတ်ရာထူး တာဝန်ကို ထမ်းဆောင်လျက်ရှိသူ ဖြစ်သည်။

မစ္စတာ ဘန်စန်း၊ ဘွန်နတ်ခ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

အလုပ်သမားဆေးရုံကြီး(ရန်ကုန်) အထူးကုအဖွဲ့ စက္ကူစက်ရုံအမှတ်(၁)စစ်တောင်းသို့ကွင်းဆင်းကုသပေး

ရန်ကုန် မတ် ၁၃

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး (ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်လင်း ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် သမားတော်ကြီး ဒေါက်တာဦးအောင်ကျော်ဦး၊ ဒေါက်တာ ဒေါ်ခင်ရူပါကို၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးဦးဟန်၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်အုန်းမြင့်၊ အရိုးနှင့်အကြောအထူးကုဆရာ ဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးခင်မောင်လေး၊ မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါက်တာဦးစိုးဝင်းဌေး၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်တင်၊ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာဒေါ်သန္တာအောင်၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မလေး၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် ဒေါက်တာ ဦးကျော်စိုးမိုးနှင့်သူနာပြုများပါဝင်သော အထူးကုအဖွဲ့သည် အမှတ်(၁) စက်မှုဝန်ကြီးဌာန စက္ကူစက်ရုံအမှတ်(၁) (စစ်တောင်း)သို့ မတ်၈ရက်နှင့်၉ ရက်များတွင်သွားရောက်၍ ကွင်းဆင်းကုသပေးရာ သမားဘက်ဆိုင်ရာ လူနာ ၁၉၁ ဦး၊ ခွဲစိတ်ဘက်ဆိုင်ရာ လူနာ ၄၂ ဦး၊ သားဖွားမီးယပ်ဆိုင်ရာ လူနာ ၅၆ ဦး၊ အရိုးအကြောဆိုင်ရာ လူနာ ၁၁၄ ဦး၊ မျက်စိဘက်ဆိုင်ရာ လူနာ ၁၈၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ လူနာ ၅၁ ဦး၊ သွားဘက်ဆိုင်ရာ လူနာ ၁၁၁ဦးတို့အား အထူးကြည့်ရှုကုသမှုပေးခြင်း၊ ခွဲစိတ်ဘက်ဆိုင်ရာ လူနာ ငါးဦးနှင့် နား၊ နှာခေါင်း၊ လည်ချောင်းလူနာ နှစ်ဦးအားတစ်ပါတည်း ခွဲစိတ်ပေးခြင်းနှင့် စက်ရုံဝန်ထမ်း ၁၃၄၅ ဦးအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးပြီး ခြောက်ပတ်အကြာ ထပ်မံထိုးနှံရန်အတွက် ဆေးနှင့်တစ်ပါတည်း တစ်ခါသုံးအပ်များ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆောဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်(ဒညင်းကုန်း)၌ ကျင်းပမည်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော Grand Royal Special Reserve Golf Championship 2007 Fourth Qualify Round ၏ လက်ရွေးစင်ပြိုင်ပွဲကို မတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်ဂေါက်ကလပ် (ဒညင်းကုန်း)၌ ကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲမှ အကောင်းဆုံးရိုက်ချက် ဂေါက်သီးအားကစားသမားငါးဦးအား ရွေးချယ်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် စိန့်အင်ဒရူး ဥပဒေ ST. ANDREWS နှင့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာ ကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက် အကျောပေးပြိုင်ပွဲ System (36)ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ဆောင်ရွက်ပေးမည်

ယင်းပြိုင်ပွဲ၏ အဓိက ပံ့ပိုးသူ **Main Sponsors** မှာ International Beverages Trading Co.,Ltd. ဖြစ်၍ ကူညီပံ့ပိုးသူ **Co. Sponsors** များအဖြစ် Air Mandalay, Hotel Nikko, Srixon, Alpine Purified drinking Water တို့ကလည်း ထပ်မံပံ့ပိုးကူညီကြမည်ဖြစ်ပြီး ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Even Management က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။

လူဦးရေကန့်သတ်

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက်အားကစားသမားများသည် လူဦးရေကန့်သတ်မှုရှိသဖြင့် မတ် ၂၀ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ အမည်စာရင်းပေးရမည်ဖြစ်ပြီး ဖုန်း–၇၂၃၂၂၁၊ ၅၄၂၉၈၉ နှင့် ရန်ကုန်ဂေါက်ကလပ်သို့ ဆက်သွယ်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းလှမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပူဇော်သဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၃

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်မြို့)မှ ကြီးမှူး၍ ပဲခူးတိုင်း မင်းလှမြို့နယ် ဝေဠုဝန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဧပြီ ၁ ရက်တွင် **‘အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ’** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခြင်းခံရသော ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ပညာဂုဏ်များကို ချီးကျူးပူဇော်ပွဲဂုဏ်ပူဇော်သဘင်ကို မတ် ၁၈ရက် မွန်းလွဲ ၁ နာရီအချိန်တွင် ရွှေကြက်ယက်ကျောင်းတိုက် မြောင်းမြကျောင်း ဗိုလ်ချုပ်ပြတိုက်လမ်း ဗဟန်းမြို့နယ်တွင်ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ၊ တပည့် ဒါယိကာ ဒါယိကာမများ ကြွရောက်ပူဇော်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ် ပစ္စည်းများကို ဥက္ကဋ္ဌဒေါက်တာလှမောင် ဖုန်း–၅၃၇၅၀၇၊ ဒုတိယဥက္ကဋ္ဌဦးတင်အောင် ဖုန်း–၅၂၆၇၃၅၊၀၉–၅၀၁၂၁၄၁၊အတွင်းရေးမှူးဦးသန်းစိုး ဖုန်း–၅၃၄၇၃၆၊ ၀၉–၅၁၉၂၇၉၁၊ ဦးမြင့်ဆွေ ဖုန်း–၂၅၆၀၃၇၊တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဦး ဖုန်း–၅၀၁၀၅၁ နှင့် ဘဏ္ဍာရေးမှူးဦးဖုန်းတင့် ဖုန်း– ၂၂၄၆၅၉၊၀၉–၅၀၀၉၈၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရာဇဝင်လူဆိုး

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ (၉၂)နှစ်မြောက် မွေးနေ့ဖြစ်သည်။ ကျွန်တော်သည် ထိုနေ့ နံနက်စောစောတွင် လမ်းလျှောက်ရင်း ဖခင်ဗိုလ်ချုပ်ကို သတိတရ ဖြစ်နေမိသည်။ တလောက သက်ဆိုင်ရာသို့ ကျွန်တော်ပေးပို့ခဲ့သော သတင်းဆောင်းပါးတွင် ဖခင်ဗိုလ်ချုပ်အကြောင်းကို ထည့်သွင်းရေးသား ထားသည်။ ယနေ့လို ဖခင်ဗိုလ်ချုပ်၏ မွေးနေ့တွင် ဗိုလ်ချုပ်၏ ကိုယ်ကျင့်တရားနှင့် မှာကြားပြောဆိုမှုတို့ကို ထည့်သွင်းရေးသားထားသော "စာရေးဆရာသည် လူမုန်းခံရ၊ အသတ်ခံရတတ်၏" သတင်းဆောင်းပါး သတင်းစာထဲပါလာလျှင် ဘယ်လောက်ကောင်းမလဲဟု တွေးတောရင်း ခပ်သွက်သွက်လေး လမ်းလျှောက်လာသည်။ လမ်းလျှောက်ရင်းနှင့် နိုင်ငံခြားအသံလွှင့်ဌာနမှ သတင်းများကို နားထောင်လာသည်။ နံနက် ၇နာရီကျော်သောအခါ လမ်းဘေးပလက်ဖောင်းပေါ်တွင် စာစောင်များ ရောင်းချနေကြပါပြီ။ ထိုနေ့ထုတ် မြန်မာ့အလင်းသတင်းစာတစ်စောင်ကို ဝယ်လိုက်သည်။ သတင်းစာကို လှန်ကြည့်ရာ မော်တင်စွန်းဘုရားအကြောင်းရေးထားသော သတင်းဆောင်းပါးတစ်ပုဒ်ကို တွေ့ရသည်။ အင်း . . . ငါ့ဆောင်းပါး ဒီနေ့မပါတော့ဟု ထင်မိပြီး သက်ပြင်းချလိုက်မိသည်။ အနီးရှိ လက်ဖက်ရည်ဆိုင်ထဲဝင်ထိုင်ကာ RFA ၏ ထုတ်လွှင့်ချက်များကို နားထောင်နေမိသည်။ ကော်ဖီတစ်ခွက် သောက်ချလိုက်ပြီး သတင်းစာကို တစ်ရွက်စီ ပြန်လှန်ကြည့်မိလိုက်တော့မှ "စာရေးဆရာသည် လူမုန်းခံရ၊ အသတ်ခံရတတ်၏" ဆောင်းပါးခေါင်းစဉ်စာလုံးကြီးကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်၍ ဒိန်းကနဲ ရင်ခုန်သွားပါတော့သည်။

ကျွန်တော်(ငါးမင်းဆွေ)၏ ဆောင်းပါး သတင်းစာထဲ ပါသောနေ့များတွင် RFAက သတင်းသုံးသပ်ချက်နှင့် တွေ့ဆုံမေးမြန်းခန်းများ ထုတ်လွှင့်လေ့ရှိသည်။ ယနေ့ညတွင်လည်း ထိုသို့လုပ်မည်ဟု ထင်မှတ်နေမိသည်။ ကျွန်တော်၏ ဆောင်းပါးထဲတွင် RFA သည် အကြံပက်စက်သူ၊ မဟုတ်မမှန်လုပ်ကြံ သတင်းလွှင့်သူအဖြစ် စွပ်စွဲရေးသားထားသည်။ ဤစွပ်စွဲချက်ကို RFAက ပြန်လည်ရှင်းလင်း ချေပမည်ဟု ထင်မိသည်။ ၈၈မျိုးဆက်ကျောင်းသား အုပ်စုကိုလည်း မြန်မာနိုင်ငံကို အီရတ်နိုင်ငံလိုဖြစ်စေချင်သလား၊ တရုတ်နိုင်ငံလို ဖြစ်စေချင်သလားဟု မေးခွန်းထုတ်ထားသည်။ RFAက ၈၈မျိုးဆက် ကျောင်းသားအဖွဲ့များနှင့် ဆက်သွယ်၍ ထိုမေးခွန်း၏အဖြေကို တောင်းမည်ဟု ထင်မိသည်။ သို့သော် အစီအစဉ်သာ ပြီးသွားသည်။ ကျွန်တော့်ဆောင်းပါးနှင့် ပတ်သက်၍ RFAက ပြန်လည်ရှင်းလင်းခြင်း၊ တွေ့ဆုံမေးမြန်းခြင်းတို့ကို မထုတ်လွှင့်ခဲ့ပါ။ RFAသည် ငါးမင်းဆွေ၏ စွပ်စွဲချက်များ မှန်ကန်နေ၍ လည်းကောင်း၊ ၈၈မျိုးဆက်ကျောင်းသားတို့က အမေရိကန်၏ ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုဖြင့် ဒီမိုကရေစီအစိုးရ အမည်ခံလျက် အုပ်ချုပ်နေသည့် အကြမ်းဖက်တိုက်ခိုက်ဖောက်ခွဲ ငရဲခန်းလို နေ့စဉ်နှင့်အမျှ လူတွေထိခိုက် သေဆုံးနေရသည့် အီရတ်နိုင်ငံကဲ့သို့ မြန်မာနိုင်ငံကို မည်သို့မျှ အဖြစ်မခံနိုင်ကြောင်း သိရှိနေ၍ လည်းကောင်း၊ RFA က ငါးမင်းဆွေ၏ဆောင်းပါးကို ဝေဖန်တိုက်ခိုက်မှု မပြုလုပ်နိုင်တော့ပါ။ RFA သည် တစ်ချိုးတည်းသုတ်ခြေတင်ပြေးပြီဖြစ်ကြောင်း သိရှိလိုက်ရပါတော့သည်။

၁၄-၂-၂၀၀၇ရက်နေ့တွင် ကျွန်တော်သည် ရန်ကုန်မြို့ ကံဘဲ့ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းသို့ ရောက်ခဲ့ပြီး ထိုလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး MD နှင့် တွေ့ဆုံခဲ့ပါသည်။ MDနှင့် မတွေ့သည်မှာ တစ်နှစ်ကျော်ခဲ့ပါပြီ။ MD က ကျွန်တော့်ကို တွေ့သောအခါ ဝမ်းသာအားရဖြင့် "လာ ကိုမင်းဆွေ၊ ခင်ဗျားဆောင်းပါးတွေကို ကျွန်တော် အားပေးဖတ်ရှုနေတယ်" ပြောရာ ကျွန်တော်က "ဟုတ်ကဲ့ပါ၊ ကျွန်တော်လဲ အတွေ့အကြုံတွေနဲ့ ရင်ထဲရှိတာတွေကို ရေးထားတာပါ၊ အခုတော့ ရေးစရာလဲကုန်သလောက် ဖြစ်သွားပြီ၊ ဒါကြောင့် စာရေးတာကိုနားပြီး လုပ်ငန်းဘက်ကို ဦးပြန်လှည့်လာတာပါ"ဟု ပြောလိုက်မိသည်။ MD က "စာရေးတာကိုတော့ မနားပါနဲ့ဗျာ၊ ရေးစရာအကြောင်းအရာတွေ ထပ်ရလာဦးမှာပါ၊ ဆက်ရေးပါ"ဟု တိုက်တွန်းပါသည်။ MD က ထိုသို့တိုက်တွန်းနေသော်လည်း ကျွန်တော်က တုတ်တုတ်မျှ မလှုပ်ဖြစ်နေမိသည်။ MDက ဆက်လက်၍ လုပ်ငန်းကိစ္စပြောပါဦးဆိုလိုက်မှ ကျွန်တော် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

ကျွန်တော်က MD ကြီးခင်ဗျာ၊ ကျွန်တော်တို့ ဆားတောင်သူတွေဟာ ဒီလေးငါးခြောက်နှစ်မှာ တော်တော်ဒုက္ခ ဖြစ်ကြပါတယ်။ ဆားတွေက စုပုံထွက်ရှိပြီး တစ်နှစ်ထွက်တဲ့ဆား တစ်နှစ်ရောင်းမကုန် ဖြစ်နေကြတယ်။ ဆားဈေးကလဲ ထုတ်လုပ်မှုစရိတ်လောက်တောင် မရပါဘူး။ ဒါကြောင့် ဆားကွင်းတော်တော်များများ ဆားမထုတ်လုပ်နိုင်ဘဲ ရပ်ဆိုင်းထားရပါတယ်။ ပြီးခဲ့တဲ့နှစ်က ရာသီဥတုဖောက်ပြန်လို့ ဒီနှစ်မှာတော့ ဆားဈေးနည်းနည်း ကောင်းပါတယ်။ ဒါတောင်မှ တချို့ဆားကွင်းတွေ လုပ်ငန်းရပ်ဆိုင်းထားရတုန်းပါပဲ"ဟု လာရင်းကိစ္စကို ရှင်းပြလိုက်သည်။

ထိုအခါ MDက "ကိုမင်းဆွေပြောတာ ဟုတ်ပါတယ်။ တလောကပဲ ကျွန်တော်လဲ ကျောက်ဖြူနယ်ဘက်က ဆားကွင်းတွေကို သွားစစ်ခဲ့သေးတယ်။ ဆားတောင်သူတွေ တော်တော်ဒုက္ခရောက်နေကြတာကို မြင်တွေ့ခဲ့ရတယ်။ ဒီတော့ ကိုမင်းဆွေက ဘာများအကြံဉာဏ် ပေးချင်လို့ပါလဲ"ဟု ဆွေးနွေးသည်။ ကျွန်တော်က ဆက်၍ ဟုတ်ကဲ့ ၁၉၈၈ခုနှစ်မတိုင်မီကထက် အခုအခါမှာ ဆားကွင်းဧရိယာဟာ နှစ်ဆကျော် တိုးလာပါတယ်။ ထုတ်လုပ်မှုလဲ နှစ်ဆကျော် သုံးဆနီးပါး တိုးလာပါတယ်။ လူတွေက ဆားဈေးပေါလဲ ဆားကို ပိုစားကြတာ မဟုတ်ပါဘူး၊ ဆားဈေးကြီးလဲ ဆားကို လျှော့စားကြတာမဟုတ်ပါဘူး။ ဆားစားသုံးမှုဟာ ကိန်းသေဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က ဆားစားသုံးမှု ဘယ်လောက်လိုအပ်တယ်ဆိုတာ တွက်ချက်ပြီး လုပ်ကိုင်သင့်ပါတယ်။ နှစ်ပေါင်းများစွာ ဆားထုတ်လုပ်ခဲ့တဲ့ ဆားမြေတွေဟာ အငန်ဓာတ်လွန်ကဲပြီး စပါး လုံးဝ စိုက်လို့မရတော့ပါဘူး၊ ဒါပေမယ့် ဒီနောက်ပိုင်း မြေနုကျွန်းပေါ်က လယ်မြေတွေမှာ ဆားလုပ်ကိုင်ကြတဲ့ လယ်တွေကတော့ စပါးပြန်စိုက်လို့ ရပါသေးတယ်။ ဒါကြောင့် စပါးလုံးဝမစိုက်နိုင်တဲ့ ဆားမြေနဲ့ စပါးပြန်စိုက်နိုင်တဲ့ ဆားမြေတွေကို စိစစ်ခွဲခြားပြီး စပါးလုံးဝ မစိုက်နိုင်တဲ့ဆားမြေတွေကို လန(၃၉) လုပ်ပိုင်ခွင့် ချပေးသင့်ပါတယ်။ ယခင်ခေတ်အဆက်ဆက်က ဆားတစ်ပိဿာကို ငါးပြားအခွန်ဆောင်ရပါတယ်။ ဆားတစ်ဧက ပိဿာတစ်သောင်းခန့်ထွက်ရှိတဲ့အတွက် ဆားတစ်ဧကကို ငွေငါးရာ အခွန်ဆောင်ရတဲ့ သဘောပါပဲ။

ငါးမင်းဆွေ

အဲ့ဒီတုန်းက ငွေငါးရာဟာ ရွှေဈေးနဲ့တွက်လျှင် ယခုငွေကျပ်ခြောက်သိန်းလောက်နဲ့ ညီမျှပါတယ်။ ဒါကြောင့် လန(၃၉)ရတဲ့ ဆားမြေတစ်ဧကကို အခွန်ငွေ ငါးသိန်းကောက်သင့်ပါတယ်။ ဒီလိုလုပ်လိုက်ရင် နိုင်ငံတော်မှာ အခွန်ငွေ နှစ်စဉ် ကျပ်သိန်းပေါင်း တစ်သိန်းခန့် ရရှိလာမှာဖြစ်ပါတယ်။ ဒီလိုစီမံခန့်ခွဲ လုပ်ကိုင်လိုက်ခြင်းဖြင့် နိုင်ငံတော်မှာ စပါးလဲ ပိုရလာမယ်။ အခွန်ငွေလဲ အများကြီးရလာမယ်။ ဆားတစ်ဧကကို အခွန်ငွေ ငါးသိန်း ဆောင်ရတဲ့အတွက် ဆားတောင်သူတွေကလဲ တစ်ဧကဆားထွက်နှုန်းတိုးအောင် လုပ်ကိုင်လာကြမှာ ဖြစ်ပါတယ်"ဟု အကျယ်တဝင့် တင်ပြလိုက်ပါသည်။

MD က "ကိုမင်းဆွေပြောတာကလဲ တစ်နည်းပေါ့ဗျာ၊ နောက်တစ်နည်းကတော့ ကျွန်တော်တို့ဆားတွေကို ပြည်ပဈေးကွက်ရဖို့ ဈေးကွက်ရှာရမှာဖြစ်ပါတယ်။ နောက်ပြီး နိုင်ငံတော်မှာ စက်မှုလုပ်ငန်းတွေ တိုးတက်လာရင် ဆားလိုအပ်ချက်က အများကြီးရှိလာပါလိမ့်မယ်။ ထိုင်းနိုင်ငံမှာဆိုရင် ဆားသုံးစွဲမှုအချိုးဟာ စားသုံးမှုက ၃၅ရာခိုင်နှုန်းရှိပြီး စက်မှုလုပ်ငန်းသုံးက ၆၅ရာခိုင်နှုန်း ရှိပါတယ်။ အဲ့ဒီတော့ စက်မှုသုံးတဲ့ဆားက စားသုံးတဲ့ဆားထက် နှစ်ဆပိုများပါတယ်။ စက်မှုလုပ်ငန်းတွေ တိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့ဆားတွေ အများကြီး ထပ်လိုလာဦးမှာပါ"ဟု စနစ်တကျ ရှင်းပြပါသည်။

MDရုံးခန်းမှ ထွက်လာပြီးနောက် ကျွန်တော်စဉ်းစားကြည့်သည်။ မြန်မာနိုင်ငံတွင် ဆားစားသုံးမှုသည် တန်ချိန် ၁၅၀၀၀၀ (ပိဿာသိန်းတစ်ထောင်ခန့်)ဖြစ်သည်။ ထိုင်းနိုင်ငံမှာကဲ့သို့ စက်မှုသုံးဆားက စားသုံးမှုထက် နှစ်ဆမြင့်တက်လာပါလျှင် နောက်ထပ်ဆားပိဿာ သိန်းနှစ်ထောင်ခန့် လိုဦးမည်ဖြစ်သည်။ နိုင်ငံတွင် ဆားလိုအပ်ချက်များလာလျှင် ကျွန်တော်တို့ ဆားတောင်သူများ များစွာအကျိုးရှိလာပါမည်။ နိုင်ငံတော်တွင် ဆားလိုအပ်ချက်များလာရန် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုပါသည်။ နိုင်ငံတော်တွင် စက်မှုလုပ်ငန်းများ တိုးတက်ရန်အတွက် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေးထောက်ပံ့မှု အကူအညီများ၊ နည်းပညာများ လိုအပ်ပါသည်။ ကျွန်တော် ဤသို့စဉ်းစားနေစဉ် "ကျွန်မတို့နိုင်ငံ ဒီမိုကရေစီမရသေးခင်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာမလုပ်ကြပါနဲ့ဦး၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာကြပါနဲ့ဦး၊ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်ပေးကြပါ"ဟု ဒေါ်စုကြည်၏ပြောကြားမှုများသည် ကျွန်တော့် နားထဲသို့ စူးရှကျယ်လောင်စွာ ရောက်ရှိလာပါတော့သည်။

ဒေါ်စုကြည်၏ ထိုသို့အလွဲလွဲ အမှားမှားပြောကြား တောင်းဆိုခဲ့မှုများကြောင့် နိုင်ငံတော်တွင် ဆားလုပ်ငန်းတစ်ခုတည်း ထိခိုက်ခဲ့သည် မဟုတ်ပါ။ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းကိုလည်း ထိခိုက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ တစ်နှစ် ငါးပုစွန် ပြည်ပပို့ကုန်တန်ဖိုး ဒေါ်လာသန်းလေးရာဖြစ်နေချိန်တွင် ဗီယက်နမ်နိုင်ငံ၏ တစ်နှစ် ငါးပုစွန်ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာသန်းလေးထောင်ဖြစ်နေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဗီယက်နမ်သည် အမေရိကန်ဈေးကွက်ကြီးကို ရရှိထားခြင်းကြောင့် ဖြစ်သည်။ ကျွန်တော်တို့မှာတော့ ဒေါ်စုကြည်နှင့် NLDတို့၏ တောင်းဆိုချက်ကြောင့် မြန်မာနိုင်ငံကို အမေရိကန်က စီးပွားရေးပိတ်ဆို့ထားသည်။ ဒေါ်စုကြည်နှင့် NLD တို့၏ လုပ်ဆောင်ချက်ကြောင့် မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ထိခိုက်နစ်နာနေကြရသည်။ ထိုအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို မှီခိုအားထားနေရသော အခြေခံလူတန်းစားများနှင့် သူတို့၏ သားသမီးငယ်များမှာ ဘဝပျက်ခဲ့ရသည်။ ကျွန်တော်သည် အခက်အခဲများစွာနှင့် ရုန်းကန်နေကြရသော မြန်မာနိုင်ငံသား အခြေခံလူတန်းစားများ၊ သူတို့၏ သားသမီးငယ်များနှင့် အတူတူ စားသောက်နေထိုင်ခဲ့ရပါသည်။ သူတို့၏ဘဝများကို မြင်တွေ့ရသည်မှာ အလွန်စိတ်ထိခိုက်စရာ ကောင်းပါသည်။

ဒေါ်စုကြည်နှင့် NLDတို့က ယင်းသို့ နိုင်ငံ့စီးပွားရေးပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းများကို သွေးထိုးလှုံ့ဆော် လုပ်ဆောင်နေချိန်တွင် တပ်မတော်အစိုးရသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ နိုင်ငံနှင့် လူမျိုး ချမ်းသာကောင်းစားရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီလအတွင်းက သာကေတ ပုစွန်သားဖောက်စခန်းတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက "ဗိုလ်ချုပ်တို့က ကိုယ့်လူမျိုးတွေကို သိပ်ချမ်းသာစေချင်တာ၊ ဒါကြောင့် ဗိုလ်ချုပ်တို့လဲ နေ့မအား ညမနား ဆောင်ရွက်နေကြတယ်၊ ကိုယ့်လူမျိုးတွေကလဲ ကျရာနေရာ၊ ကျရာအခန်းကဏ္ဍကနေ ကြိုးစားလုပ်ဆောင်ကြပါ"ဟု တိုက်တွန်း ပြောကြားခဲ့ပါသည်။ ပြန်ခါနီးတွင် ဗိုလ်ချုပ်ကြီးက ကျွန်တော့်အား "ဘာလိုသေးလဲ ဦးမင်းဆွေ"ဟု မေးသွားပါသေးသည်။ နောက်တစ်လခန့်အကြာတွင် ကိုယ့်လူမျိုးတွေကို ချမ်းသာကောင်းစားစေချင်သော ဗိုလ်ချုပ်ကြီးတင်ဦးသည် နိုင်ငံနှင့်လူမျိုး ချမ်းသာကောင်းစားရေးအတွက် ဆောင်ရွက်ရင်း ရုတ်တရက် ကွယ်လွန်ခဲ့ရပါသည်။

မဆလ ခေတ်က ချွတ်ခြုံကျခဲ့ရသော၊ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်ခဲ့ရသော နိုင်ငံတော်ကို တပ်မတော်အစိုးရနှင့်ပြည်သူတို့ လက်တွဲ၍ ပြန်လည် ထူထောင်ခဲ့ကြပါသည်။ ဤသို့ နိုင်ငံတော် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ဒေါ်စုကြည်နှင့် NLDတို့သည် အတူတကွ ပူးပေါင်းပါဝင် လုပ်ကိုင်သင့်ပါသည်။ ထိုသို့ ညီညီညွတ်ညွတ် ပူးပေါင်း လုပ်ကိုင်ကြပါလျှင် ယခုအခါ ကျွန်တော်တို့နိုင်ငံသည် ဗီယက်နမ်နိုင်ငံကဲ့သို့ အာရှ၏ ကျားပေါက်တစ်ကောင် ဖြစ်နေလောက်ပါပြီ။ နိုင်ငံ့အကြီးအကဲများသည် ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဒေါ်စုကြည်နှင့်

ဒေါ်စုကြည်နှင့် NLD တို့က ယင်းသို့ နိုင်ငံ့စီးပွားရေးပျက်စီးအောင် အဖျက်အမှောင့် လုပ်ငန်းများကို သွေးထိုးလှုံ့ဆော် လုပ်ဆောင်နေချိန်တွင် တပ်မတော်အစိုးရသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ နိုင်ငံနှင့်လူမျိုး ချမ်းသာကောင်းစားရေးအတွက် ဆောင်ရွက်ပေးခဲ့။

အကြိမ်ကြိမ်တွေ့ဆုံခဲ့ကြပါသည်။ သို့သော် ဒေါ်စုကြည်က ပူးပေါင်းဆောင်ရွက်ရန် လက်မခံဘဲ အာဏာလွှဲပေးရေးကိုသာ တောင်းဆိုခဲ့ပါသည်။

ဒေါ်စုကြည်နှင့် NLD တို့သည် တပ်မတော်ကို အကောင်းမမြင်ခဲ့ကြပါ။ တပ်မတော်ခေါင်းဆောင်တို့သည် အာဏာကို ဖက်တွယ်ထားသည်ဟု အဆိုးမြင်ခဲ့ကြသည်။ တပ်မတော်သားဆိုသည်မှာ နိုင်ငံနှင့်လူမျိုး အကျိုးအတွက် လိုအပ်လာလျှင် မိမိအသက်ကိုပင် မက်မောဖက်တွယ်ထားသူများ မဟုတ်ကြပါ။ တပ်မတော်သားတို့သည် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် လိုအပ်လာလျှင် မိမိအသက်ကို စွန့်လွှတ်ခဲ့ကြသူများ၊ စွန့်လွှတ်နိုင်ကြသူများ၊ အသက်ကိုစွန့်လွှတ်ရန် လေ့ကျင့်ပြင်ဆင်ထားသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် အသက်ကိုပင် မမက်မောသော တပ်မတော်သားတို့ကို အာဏာမက်သူဟု ပြောဆိုခြင်းသည် အမနာပ ပုတ်ခတ်စွပ်စွဲခြင်းသာ ဖြစ်နေပါသည်။

တပ်မတော်အစိုးရကသာ နှိုင်းနှိုင်းချိန်ချိန်မပြုဘဲ NLD က တောင်းဆိုသည့်အတိုင်း NLD ကို အာဏာလွှဲလိုက်ပါလျှင် နိုင်ငံတော်သည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခါစ အခြေအနေမျိုးသို့ ရောက်သွားနိုင်ပါသည်။ ပြည်သူလူထု ရွေးချယ်တင်မြှောက်ခဲ့သော ဖဆပလ အစိုးရလက်ထက်တွင် နိုင်ငံအဝန်း စစ်မီးတောက်လောင်ခဲ့သည်။ အင်းစိန်နှင့်မင်္ဂလာဒုံ တစ်ဝိုက်တွင်ပင် တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ကြသည်။ ယနေ့ခေတ်ပေါ် လက်နက်တို့က လွန်ခဲ့သော အနှစ်ငါးဆယ်က လက်နက်တို့ထက် များစွာ ဖျက်အားပြင်းထန်ကြသည်။ ထို့ကြောင့် NLDကိုသာ အာဏာလွှဲပေးလိုက်လျှင် နိုင်ငံတော်သည် ယနေ့ အီရတ်နိုင်ငံ အခြေအနေသို့ ဆိုက်ရောက်သွားနိုင်ပါသည်။

မြန်မာနိုင်ငံသားတို့၏ စိတ်ထဲတွင် တိုင်းရင်းသားအချင်းချင်း အေးအတူပူအမျှ အတူတူလက်တွဲ နေထိုင်လိုသော ပြည်ထောင်စုစိတ်ဓာတ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဝန်ကြီး ဗိုလ်မှူးချုပ်လှိုင်သိန်းသီအား မလေးရှားနိုင်ငံ စွမ်းအင်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွင်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာမလေးရှား နိုင်ငံသံအမတ်ကြီး H.E. Dato Shaharud-din Bin Mohd Son နှင့် မလေးရှားနိုင်ငံ Rimbunan Petrogas ကုမ္ပဏီမှ Excutive Chirman Tan Sri Datuk Tiong Hiew King တို့ ဦးဆောင်သောအဖွဲ့သည် မတ် ၉ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင် ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်စီမံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၁၃

မန္တလေးအသင်း(ရန်ကုန်)၏အကြိမ် (၃၀)မြောက် နှစ်ပတ်လည် အစည်းအဝေး (၃၁)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရရှိသည့် အသင်းဝင်များ အားဂုဏ်ပြုပွဲနှင့် မန္တလေး ချမ်းသာကြီး ဆန်လှူအသင်းသို့ ဆွမ်းဆန်တော် အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၁၈ ရက်(တနင်္ဂနွေနေ့) နံနက်၉ နာရီတွင် ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း (ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန်ဆုရရှိသည့် အသင်းဝင် သားသမီးများနှင့် ဘွဲ့တံဆိပ်တော်ရရှိသည့် အသင်းဝင်များသည် မန္တလေးအသင်း(ရန်ကုန်) ဖုန်း-၃၈၈၆၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေ(နှစ်)ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ်(၄)ရပ်ကွက် အေးရိပ်မွန် (၁)လမ်း တိုက်(၁၈)အခန်း(၀၀၇/၀၀၈) နေ ဦးဝင်းလှိုင်-ဒေါ်ဌေးဌေးဝင်း မိသားစုက အလှူငွေကျပ်ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကဥက္ကဋ္ဌ (ဖုန်း-၅၃၇၅၉၇) ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၃-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြိုးမြိုးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) [ပထဝီဝင်]
- ၁၆:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ သီချင်းကြီးပဒေသာ
- ၁၇:၁၀ ၆။ တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ
- ၁၇:၂၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၀ ၁၂။ Discovery
- ၁၉:၁၀ ၁၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၁၉:၂၅ ၁၄။ **"အမုန်းချစ်မှ အချစ်မုန်း"** ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၉:၃၅ ၁၅။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁၉:၄၅ ၁၆။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာအကပဒေသာ ဖျော်ဖြေမှု အစီအစဉ်

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ခိုင်မာစွာ ဖြစ်ထွန်းရေးသည် အလွန်အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ် အမြစ်တွယ်ခိုင်မာအောင် ဦးစွာပထမအုတ်မြစ်ချ အခြေတည်ပြီးမှ ဒီမိုကရေစီစနစ်ကို ဖော်ဆောင် ကျင့်သုံးသင့်ပါသည်။ ထို့ကြောင့် အတွေ့အကြုံရင့်ကျက်သော၊ အမြော်အမြင်ကြီးမားသော၊ ခေါင်းအေးအေးထား ဆောင်ရွက်တတ်သော တပ်မတော်အစိုးရသည် နိုင်ငံတော်အတွင်း စစ်မီးတောက်လောင်ပြီး ပြည်ထောင်စုကြီး ပြိုကွဲမသွားစေရန်အတွက် ဒီမိုကရေစီ အသွင် ကူးပြောင်းမှုကို ညင်သာချောမွေ့အောင် ဖော်ဆောင်နေရခြင်း ဖြစ်ပါသည်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် နိုင်ငံတော်ကို NLD လက်ထဲသို့ ဝကွက်မအပ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဒေါ်စုကြည်နှင့် NLD တို့သည် အာဏာမရသောအခါ နိုင်ငံတော်၏ စီးပွားရေးကျဆင်းအောင် နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ နိုင်ငံ့စီးပွားရေးကျဆင်းပြီး အခြေခံလူတန်းစားများ အငတ်ငတ် အပြတ်ပြတ်ဖြစ်မှ ဆူပူအုံကြွမှုကြီးဖြစ်ပေါ်ပြီး သူတို့ဖြတ်လမ်းမှ အာဏာရလာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ဒေါ်စုကြည်နှင့် NLD တို့က ယင်းသို့ နိုင်ငံ့စီးပွားရေးထိခိုက်နစ်နာအောင် လုပ်ဆောင်ခဲ့သဖြင့် မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြေခံလူတန်းစားများ ထိခိုက်နစ်နာနေကြရပါသည်။ ဒေါ်စုကြည်နှင့် NLD တို့၏ လုပ်ရပ်အမှားကြောင့် ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ပါ။ ကျွန်တော်တို့နှင့် အတူတူတာထွက်ခဲ့သော ဗီယက်နမ်နိုင်ငံသည် ယခုအခါ ကျွန်တော်တို့ ရှေ့သို့ များစွာ ရောက်ရှိနေပါပြီ။ အဘယ်ကြောင့်ပါနည်း။ ပြည်တွင်းပြည်ပ အဖျက်သမားများကြောင့် ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြီးစီးခဲ့သော အေပက်အစည်းအဝေးသို့ အမေရိကန်သမ္မတ ဂျော့ဘုရှ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်တို့ တက်ရောက်ခဲ့ကြသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ပြီး မြန်မာနိုင်ငံသည် ဗီယက်နမ်ကို အတုယူသင့်ကြောင်း မစားရဝခမန်း ပြောကြားသွားပါသည်။ ဤသို့ အပြုသဘောဆောင်သော အကြံဉာဏ်ကောင်းများ ပေးလာသည့်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအား များစွာ ကျေးဇူးတင်ရှိပါသည်။ သို့ရာတွင် ဒီမိုကရေစီအရေးကို အကြောင်းပြပြီး တိုင်းပြည်စီးပွားရေးကို အနှောင့်အယှက်ပေးနေသော ဒေါ်စုကြည်လို လူမျိုး၊ NLD လို ပါတီမျိုး ဗီယက်နမ်နိုင်ငံတွင် မရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး သိသင့်ပါသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံကဲ့သို့ စီးပွားရေးဖွံ့ဖြိုးအောင် လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံတွင် ဒေါ်စုကြည်လို လူမျိုး၊ NLD လို ပါတီမျိုး မရှိသင့်တော့ပါ။

ရပ်ထဲရွာထဲတွင်နေထိုင်ပြီး ရပ်သူရပ်သားများကို နှစ်ရှည်လများ ဒုက္ခပေးနေသူကို ရာဇဝင်လူဆိုးဟု ခေါ်ဆိုလေ့ ရှိကြသည်။ ဒေါ်စုကြည်နှင့် NLD သည် မြန်မာနိုင်ငံတွင် နေထိုင်ပြီး မြန်မာနိုင်ငံကို ဒုက္ခပေးနေသည်မှာ ၁၈နှစ် ကျော်ခဲ့ပါပြီ။ ထို့ကြောင့် ဒေါ်စုကြည်နှင့် NLD တို့သည် မြန်မာနိုင်ငံ၏ ရာဇဝင်လူဆိုးများ ဖြစ်နေကြပါပြီ။ ထို့ကြောင့် ရာဇဝင်လူဆိုးများဖြစ်သော ဒေါ်စုကြည်နှင့် NLD တို့သည် မိမိအမှားများကို သိရှိနောင်တရပြီး ပြည်သူလူထုကို ဝန်ချတောင်းပန်ပါ။ နိုင်ငံနှင့်လူမျိုးကို ဒုက္ခအမျိုးမျိုးပေးခဲ့သော NLD ပါတီသည် မိမိပါတီကို မိမိဘာသာ ဖျက်သိမ်းပေးပါရန် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကျွန်တော် တောင်းဆိုလိုက်ပါသည်။ ။

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၃

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုပ်ညှိ ကျသဘာပတိအဖွဲ့ဝင်ဖြစ်သော ဦးတင်ခက သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်၊ ဦးမောင်ကြီး၊ ဦးမောင်လှ(ခ) ဦးလှမြင့်၊ ဦးကံညွန့်၊ ဦးကျော်ဝင်းထွန်း၊ ဒေါက်တာမောင်မောင်ဝင့်နှင့် ဒေါက်တာမနန်တူးဂျာတို့ တက်ရောက်ကြပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး (၂) ဒေါက်တာသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်ထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန် စာတမ်းများရေးသားပြုစုခြင်းကို ဆောင်ရွက်ကြပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတရားရုံးချုပ် ရှေ့နေများကောင်စီဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် မတ် ၁၃

နိုင်ငံတော်သည် အများပြည်သူယုံကြည်အားကိုးသည့် တရားရေးမဏ္ဍိုင်ခိုင်မာစေရေးအတွက် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများ ကောင်စီအနေဖြင့်လည်း ရှေ့နေရှေ့ရပ်များကို အများပြည်သူအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ကြရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တရားရုံးချုပ်ရှေ့နေ တစ်ဦးဦးသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာနှင့် တာဝန်ကို ဖောက်ဖျက်သည့် အပြုအမူတစ်စုံတစ်ရာ ကျူးလွန်ပါက နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဥက္ကဋ္ဌ ဖုန်း ၀၆၇-၄၀၄၀၈၈၊ အတွင်းရေးမှူး ဖုန်း ၀၆၇-၄၀၄၀၉၇၊ ဖက်(စ်) ၀၆၇-၄၀၄၁၄၆၊ မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများကောင်စီတို့ဖြစ်သည်။

(သတင်းစဉ်)

ဟသ်ာတမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၃

ဧရာဝတီတိုင်း ဟသ်ာတမြို့နယ် ရွာသာလက်ခုပ်ပင်ကျေးရွာ၌ မတ် ၁၂ရက် နံနက် ၂နာရီခန့်တွင် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ပျဉ်ထောင်အိမ် သုံးလုံး၊ တဲအိမ်လေးလုံး မီးလောင်ဆုံးရှုံးကာ လူ ၄၀ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှည်းကူးမြို့နယ် စာပူးတောင်းကျေးရွာ၌ အသင်းဝင်အဆိုပြုလွှာပေးအပ် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်

ရန်ကုန် မတ် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မတ်၁၀ရက် မွန်းလွဲပိုင်းက လှည်းကူးမြို့နယ် စာပူးတောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ် အမှုဆောင်က အသင်းဝင် အဆိုပြုလွှာများ လက်ခံပြီး ကိုယ့်အားကိုယ်ကိုး တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေများ ကူညီပံ့ပိုးပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က ပြည်တွင်းပြည်ပ အဖျက်သမား အန္တရာယ်ကို ပြည်သူတို့နှင့် လက်တွဲချေမှုန်းသွားရန် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကိုယ့်အားကိုယ်ကိုး တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ကြာကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းနေကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပ တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ သွားတော်တောင်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ရဟန်း၊ ရှင်သာမဏေ ၁၁၁ ပါးတို့အား ပထမအကြိမ် ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၂ရက်က အဆိုပါ စေတီတော်မြတ်ကြီး၏ ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် သက်နိုင်ဝင်းက ကျိုက်သလွံစေတီ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင် တော်မြတ်ကြီးရင်ပြင်၌ စံပယ်တော်မူ လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပန်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်ပြီး ရင်ပြင်တော်ရှိ သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်တည်ဆောက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက်က မကွေးတိုင်း တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်း တရားသူကြီးဦးမျိုးမြင့်က အစည်းအဝေး အတွေ့အကြုံနှင့် လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းစဉ်။

(ခရိုင် ပြန်/ဆက်)

သဲအင်းဂူ သကြၤန်အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဧပြီ ၁၃ရက်မှ ၂၀ရက်အထိ သင်္ကြန်အထူးအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏သြဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)နှင့် ကမ္မဋ္ဌာနာစရိယဦးရေဝတ(ကျောက်ပန်းတောင်း) အရှင်သူမြတ်နှစ်ပါးတို့က ခန္ဓာကိုယ်တွေ့သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဧပြီ ၁၂ရက်(ကြာသပတေးနေ့) ညနေ ၅နာရီအရောက် လာရောက် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

နွေရာသီ ဓမ္မာစရိယ စာချသင်တန်း ပို့ချမည်

ရောဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်းကျောင်းတိုက်၌ နွေရာသီ ဓမ္မာစရိယ စာချသင်တန်းကို ၁၃၆၈ခုနှစ် ကဆုန်လဆန်း ၁၀ရက် (ဧပြီ ၂၅ရက်)မှ နယုန်လပြည့်ကျော် ၁၀ရက်(ဇွန်၉ရက်)အထိ ကျင်းပမည်ဖြစ်ရာ မန္တလေးမြို့မှ စာချဆရာတော် ဦးအာနန္ဒာဘိဝံသ (သကျသီဟဓမ္မာစရိယ)၊ ဦးဣန္ဒသရိယ (သာသနဓဇဓမ္မာစရိယ)၊ ဦးတေဇိန္ဒ (သာသနဓဇဓမ္မာစရိယ)တို့က သင်တန်းပို့ချမည်ဖြစ်ပြီး တက်ရောက်သင်ကြားလိုသော အရှင်မြတ်များသည် ကြံခင်းမြို့ နဝင်းဂုဏ်းကျောင်း ဆရာတော် ဦးဣန္ဒသရိယထံသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပညာမွန်ကျောင်း ခုနစ်ရက် တရားစခန်း

ပဲခူးမြို့ ဥသာမြို့သစ် ရန်ကုန်-မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက်၌ နဝမအကြိမ် တရားစခန်းကို ဧပြီ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ရာ ပညာမွန်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာသာမိ(ဓမ္မာစရိယ)က လယ်တီမိုးကုတ် ဆရာတော်ကြီးများ၏ ဥပနိဿယကိုခံယူကာ ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သတိပဋ္ဌာန်ဒေသနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ၁၁ရက် ညနေအရောက် လာရောက်ကြရန်နှင့် ပညာမွန်ကျောင်းတိုက်ဖုန်း ၀၅၂-၂၂၁၀၂နှင့် ၀၉-၅၃၀-၂၁၈၅တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ရေနံ့သာကျေးရွာအုပ်စု ရုံးသစ်ဖွင့်

မန္တလေးတိုင်း မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု၌ ရုံးသစ်ဖွင့်ပွဲ၊ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၅ရက် နံနက်၇နာရီက ကျင်းပရာ ဝိဇ္ဇာလင်္ကာရ ကျောင်းဆရာတော်ထံမှ ဥပုသ်သည်များက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ မြို့နယ်အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဗထူးတို့က ရုံးဆိုင်းဘုတ်ကို တင်ပေးပြီး ဖွင့်လှစ်ပေးကြသည်။

နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင်

ကချင်ပြည်နယ် မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျောင်းသားကျောင်းသူဟောင်းများနှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်း၌ ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးကြသည်။

ပြည်မြို့တွင် ကျောင်းဆောင်သစ် ရေစက်ချ

ပြည်မြို့ နဝင်းရပ် ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်တွင် ကျပ်သိန်းနှစ်ရာကျော်တန် တိုးချဲ့ကျောင်းဆောင်သစ်ကို ကွယ်လွန်သူဦးအောင်ကြည်အား ရည်စူး၍ ရွှေကူရပ် လမ်းမတော်နေ ဒေါ်စောလှမြင့်မိသားစုတို့က ဆောက်လုပ်လှူဒါန်းရာ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို တပေါင်းလပြည့်ကျော် ၃ရက်(မတ် ၅ရက်) နံနက် ၉နာရီက ဝိသုဒ္ဓါရုံဗာရာဏသီ ဆွမ်းစားကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပရာ တိုင်းသံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တနာဂဝံသထံ ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်ပူဇော်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နွေရာသီ အားကစား သင်တန်းများဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ နွေရာသီအားကစားသင်တန်းများကို တောင်ကြီးမြို့၊ ပြည်နယ်အားကစားကွင်း၊ အားကစားရုံ၊ ခြင်းလုံးရုံနှင့် ဝိုင်အမ်စီအေအားကစားရုံများတွင် ဘောလုံး၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ကရာတေးဒို၊ သိုင်း၊ ကြက်တောင်၊ ခြင်းလုံး၊ အေရိုးဗစ်၊ ခရစ်ကတ် စသည့် အားကစားနည်း ၁၁မျိုးကို မတ် ၇ ရက်မှ ဧပြီ ၆ရက်အထိ သင်ကြားလျက်ရှိရာ သင်တန်းသားသင်တန်းသူ ၅၂၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး မြရောခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရိန်က ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။

ပျဉ်းမနားတွင် ရာစုမှူးများ တာဝန်ပေးအပ်

ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ရာစုမှူးများ တာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ရက် မွန်းလွဲ ၂နာရီက ပျဉ်းမနားဟောင်း ကျေးရွာရုံးတွင် ကျင်းပရာ ခရိုင်အသင်း အလုပ်အမှုဆောင် ဦးဇော်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်ကျော်က အသင်းကြီးမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူးဦးအောင်ခင်က စည်းရုံးရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြကာ မြို့နယ်အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးကျော်သက်ဦးက ရာစုမှူးများအား တာဝန်ပေးအပ်လွှာများ ပေးအပ်ကြောင်း သိရသည်။

ရေနံချောင်း အလက(၃) အာစရိယပူဇော်ပွဲ

မကွေးတိုင်း ရေနံချောင်းမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း(လည်ပေါ်)ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်ကလည်ပေါ်သာသနာ့ဗိမာန်တွင် ကျင်းပရာ ဘဝတစ်ပါးပြောင်းသွားသည့် ဆရာ၊ ဆရာမကြီးများအား ရေစက်ချ အမျှပေးဝေပြီး အသက်(၇၀)နှင့်အထက် လည်ပေါ်ကျောင်း တာဝန် ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာ၊ ဆရာမကြီး ၃၈ဦးအား ပူဇော် ကန်တော့ကြသည်။

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့မဈေးကြီးပိုင် မီးသတ်ရေစုပ်စက်များ၊ မီးသတ်ပိုက်များဖြင့် ဇာတ်တိုက်လေ့ကျင့်ကြသည်။

ဖယ်ခုံ အထက ငွေရတု အခမ်းအနား

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဖယ်ခုံမြို့ အခြေခံပညာအထက်တန်းကျောင်း၏ (၂၅)နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်လတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးမြင့်ထူး၊ မြို့နယ် ပညာရေးမှူး ဒေါ်နန်းမြစိန်နှင့် ဖယ်ခုံအထကကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှရွှေတို့က ကျောင်းမုခ်ဦးဝ၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ငွေရတုအခမ်းအနားအထိမ်းအမှတ်အဖြစ် နှစ်ထပ်ကျောင်း၊ စာသင်ဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင် အခမ်းအနားကို နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်မျိုးအေး၊ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က သတ်မှတ်နေရာများ၌ ပန္နက်တိုင် စိုက်ထူပေးကြသည်။

စံပြကျေးရွာ အင်္ဂါရပ်များနှင့်ညီညွတ်နေသည့် မော်လမြိုင်မြို့နယ် ကျောက်တန်းကျေးရွာ

ကွင်းဆင်းလေ့လာမေးမြန်းသူ
နုနုရီ နှင့် တင်တင်ဝင်း
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

နံနက်ခင်း နေရောင်ခြည်၏ အောက်တွင် ကျေးရွာလေး၏ သန့်ရှင်းသပ်ရပ်မှုဖြင့်အတူ ရွာသူရွာသားများ၏ ပျော်ရွှင် တက်ကြွနေသော ဟန်ပန်များမှာ ကြည်နူးစရာကောင်းလှသည်။

ကျေးရွာသာယာလှပတော့ အလွန် စိတ်ချမ်းသာတယ်။
ဦးသန်းညွန့်
ကျောက်တန်း စံပြကျေးရွာ။

ယင်းကျေးရွာမှာ မော်လမြိုင်မြို့နယ်မှကျောက်တန်းစံပြကျေးရွာပင်ဖြစ်သည်။ ကျောက်တန်း စံပြကျေးရွာကို ၆–၃–၂၀၀၇ရက်တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၏ ဇနီး ဒေါ်မြင့်မြင့်စိုးက ဖွင့်လှစ်ပေးခဲ့သည်။

စံပြကျေးရွာ

ကျောက်တန်းစံပြကျေးရွာသည် မော်လမြိုင်မြို့၏ တောင်ဘက် မော်လမြိုင်အောက်လမ်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိပြီး လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ အိမ်များအကွက်ကျတည်ရှိခြင်းနှင့် စံပြကျေးရွာ၏ အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းတို့ကြောင့် စံပြကျေးရွာအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရေကောင်းရေသန့်

စံပြကျေးရွာအဖြစ် ထူထောင်ရာတွင် ယင်လုံအိမ်သာထားရှိမှု၊ ရေကောင်းရေသန့်ထားရှိမှု၊ အမှိုက်များစွန့်ပစ်ရန် စနစ်တကျနေရာ

စံပြကျေးရွာအဖြစ် ဖွင့်လှစ်နိုင်ခဲ့၍ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။
ဒေါ်တင်တင်ရီ
အလယ်တန်းပြဆရာမ
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ
စာရင်းစစ်။

သတ်မှတ်ထားခြင်း၊ ရွာလမ်းများ စနစ်တကျဖောက်ထားခြင်း၊ အိမ်ရာမြေကွက်များ စနစ်တကျထားရှိခြင်း၊ လမ်းမီးများ စီတန်းထားခြင်း၊ ဈေးနေရာ သီးသန့်ရှိခြင်း၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားခြင်း၊ သုသာန်စနစ် တကျရှိခြင်း၊ ကျန်းမာရေးပညာပေး ကာကွယ်ဆေးထိုးလုပ်ငန်းများ စဉ်ဆက်မပြတ်ရှိခြင်း၊ မိသားစု ဝင်ငွေတိုးရန် အိမ်တွင်းမှုသင်တန်း ဖွင့်လှစ်ထားခြင်း၊ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး မူကြိုကျောင်း ဖွင့်ထားခြင်း၊ စာဖတ်ဝိုင်းထားခြင်း၊ ချို့တဲ့ကလေးများ ပညာသင် ထောက်ပံ့ခြင်း၊ ငါးနှစ်အောက် အာဟာရချို့တဲ့ကလေးများ အာဟာရကျွေးမွေးခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အသင်းများ ဖွဲ့စည်းထားခြင်း၊ သက်ကြီးရွယ်အို စောင့်ရှောက်မှု လုပ်ငန်းရှိခြင်း စသဖြင့် စံပြကျေးရွာ ထူထောင်ရာတွင် သတ်မှတ်သည့် အင်္ဂါရပ်များနှင့် ပြည့်စုံနေရန်လိုအပ်ပြီး ယင်းအချက်များနှင့် ကျောက်တန်းစံပြ ကျေးရွာလေးမှာ ပြည့်စုံနေကြောင်း တွေ့ရသည်။

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်မြင့်မြင့်စိုး စံပြကျေးရွာရှိ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့စဉ်။

ဒီလိုမျိုး ကျေးရွာ ဖြစ်လာလို့ ဝမ်းသာလို့မဆုံး ဖြစ်မိတယ်။
ဒေါ်ထိပ်တင်
ကျောက်တန်း စံပြကျေးရွာ။

ကျောက်တန်းစံပြကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းတစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းသာရှိသော်လည်း ယင်းကျေးရွာမှ အခြေခံပညာရေးစနစ် ကောင်းမွန်လှသဖြင့် ယခုအခါ အဆိုပါ စံပြကျေးရွာတွင် ဆရာဝန်၊ အင်ဂျင်နီယာ ပေါ်ထွက်လျက်ရှိရာ ကျေးရွာမိဘပြည်သူတို့မှာ ကျေနပ်အားရနေ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့ စသဖြင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများလည်း ဖွဲ့စည်းထားသည်ကို တွေ့ရ။

ကျောက်တန်းစံပြကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်း တစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းသာရှိသော်လည်း ယင်းကျေးရွာမှ အခြေခံပညာရေးစနစ် ကောင်းမွန်လှသဖြင့် ယခုအခါ အဆိုပါ စံပြကျေးရွာတွင် ဆရာဝန်၊အင်ဂျင်နီယာ ပေါ်ထွက်လျက်ရှိရာကျေးရွာ မိဘပြည်သူတို့မှာ ကျေနပ်အားရနေကြောင်း သိရသည်။ ကျေးရွာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့ စသဖြင့် အစိုးရမဟုတ်သောလူမှုရေး အဖွဲ့အစည်းများလည်းဖွဲ့စည်းထားသည်ကို တွေ့ရသည်။ ထို့ကြောင့် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သီသီရှိန်က စံပြကျေးရွာဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြီး စံပြကျေးရွာ ဥက္ကဋ္ဌနှင့်အတူ ကျေးရွာအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးက စံပြကျေးရွာ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဂုဏ်ယူ

ဆက်လက်၍ အသက်(၈၀)ရှိ အဘွား ဒေါ်ထိပ်တင်ကလည်း "ယခင်ကအဘွားတို့ကျေးရွာအခြေအနေနှင့် ယခု အခြေအနေမှာ လုံးဝကွာခြားပါတယ်။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ အဘွားတို့ရွာက ဖြစ်ခဲ့လို့လည်း ဂုဏ်ယူပါတယ်။

ဒီလို ကျေးရွာမျိုး ဖြစ်လာလိမ့်မယ်လို့လည်း အရင်က မထင်ထားခဲ့တာမို့ အဘွားတော့ဝမ်းသာလို့မဆုံးပါဘူး"ဟု မြန်မာ့အလင်းသို့ ပြောခဲ့သည်။ အသက် (၇၅)နှစ်ရှိ အဘိုးဦးသန်းညွန့်ကလည်း "အဘိုးတို့ရွာ အခု စံပြကျေးရွာ ဖြစ်တော့ ဝမ်းသာလိုက်တာ၊ အဘိုးတော့ နောက်က လူငယ်တွေအတွက် လက်ဆင့်ကမ်းထားခဲ့ရမှာ စိတ်ချပြီး အဘိုး သေပျော်ပါပြီ" ဟု အားရဝမ်းသာ ပြောပြခဲ့သည်။

တွေ့ဆုံခဲ့

ကျောက်တန်း စံပြကျေးရွာ ဖွင့်လှစ်ပွဲ အပြီးတွင် မြန်မာ့အလင်း သတင်း အဖွဲ့သည် ဒေသခံများနှင့် တွေ့ဆုံ၍ မေးမြန်းခဲ့ရာ အလယ်တန်းပြ ဆရာမဖြစ်ပြီး ကျေးရွာ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းတွင် စာရင်းစစ် တာဝန်ယူထားသူ ဒေါ်တင်တင်ရီက "မိမိတို့ ကျေးရွာသည် ဒသမမြောက် စံပြကျေးရွာအဖြစ် ဖွင့်လှစ်နိုင်ခဲ့၍ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်မိကြောင်း၊ ရှေ့ကိုလည်း ဆက်လက်၍ ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ယခုထက် ပိုမို၍ တိုးတက်အောင် လုပ်ဆောင် သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ကြည်နူးဖွယ်

ကျေးရွာ သန့်ရှင်းလှပရေး၊ လူနေမှု အဆင့်အတန်း မြင့်မားရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို အချိုးညီ တိုးတက်ရေး အတွက် တစ်ရွာလုံး အားကြိုးမာန်တက် ဆောင်ရွက်နေကြသော မော်လမြိုင်မြို့နယ် ကျောက်တန်း စံပြကျေးရွာလေးအား ခရီးသွားရင်း စိတ်ကြည်နူးဖွယ် တွေ့မြင်သိရှိခဲ့ရကြောင်း ကွင်းဆင်း လေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



ဖခင်အမည်မှန်

ဒဂုံတက္ကသိုလ် ပထမနှစ် ပထဝီ ဝင်မှ မောင်ညီညီဇော်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဦး S/RGN-000468 ဖြစ်ပါကြောင်း။

ဦးမောင်မောင်ဦး။

မွေးနေ့မင်္ဂလာဆုတောင်း

ဦးလှဌေး (လက်ထောက် မြို့နယ်ပညာရေးမှူး)အင်္ဂပူမြို့နယ် (ဧရာဝတီတိုင်း)၏ ၁၄–၃–၂၀၀၇ရက်တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် ချစ်သောမိသားစုနှင့်အတူ ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတို့နှင့်ပြီးပြည့်စုံ၍ ဘာသာ၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုးများကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဇနီး–ဒေါ်ဝင်းရီ (JAT အထက၊ မဲဇလီကုန်း)
ချစ်သား–ကိုအောင်မြတ်ကျော်၊ သမီး–မကဗျာသွယ်။

အမည်ဖြည့်စွက်

အဖ ဦးတင်နိုင်ဦး၏သား မင်္ဂလာဒုံမြို့နယ် အထက(၂)လှသောင်း နဝမတန်း (B)မှ အောင်မျိုးသက်အား မောင်အောင်မျိုးသက်(ခ)အောင်ထက်ဟိဏ်းဟု ဖြည့်စွက်ခေါ်ပါရန်။ **မောင်အောင်မျိုးသက်(ခ) အောင်ထက်ဟိဏ်း။**



ကိုလင်းလင်းထက်နှင့် အများသိစေရန်

ပြည်မြို့ စက်မှုဇုန်(One Top စက်မှုလက်မှု)မှ ကိုလင်းလင်းထက် ၇/ပမန(နိုင်)၁၂၆၅၂၁သည် ကျွန်မ မဝင်းဝင်းဌေး ၇/ပခတ(နိုင်)၀၄၅၉၈၆နှင့် ၁၂–၁၂–၂၀၀၄ရက်တွင် ပြည်မြို့နယ် ဒုတိယခရိုင် တရားသူကြီး(၁)၏ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကာ အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ ကိုလင်းလင်းထက်သည် ခွင့်မလွှတ်နိုင်သော လူမှုရေးဖောက်ပြန်နေခြင်းကြောင့် ယနေ့မှစ၍ ၎င်းနှင့် မည်သို့မျှပတ်သက်မှုမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါကြောင်း သိစေအပ်ပါသည်။

မဝင်းဝင်းဌေး
၇/ပခတ(နိုင်)၀၄၅၉၈၆
အမှတ်(၅)ရပ်ကွက်၊ ပေါက်ခေါင်းမြို့။

အမည်ပြောင်း

အဖ ဦးအောင်လှမြင့်၏သား မကွေးတိုင်း၊ အောင်လံမြို့၊ အထက(၁) နဝမတန်းနေ မောင်စစ်သူရိန်အောင်အား မောင်နန်းဦးလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်နန်းဦးလှိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မနွယ်နွယ်ထွန်းလတ်၏ နိုင်ငံကူးလက်မှတ် ၆၂၆၉၀၇ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဆက်သွယ်ရန် ဖုန်း–၅၀၃၄၀၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်ဇော်မင်း၏ နိုင်ငံကူးလက်မှတ်–၂၀၈၅၇၇မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးကြပါရန်။ **ဖုန်း–၅၃၄၃၈၅။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းဖီးလစ်ရီ၏ P.P No: CM 100798 သည် ၁၂–၃–၂၀၀၇ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၃၉၂၀၆၅၊ ၀၉–၅၀၀၅၈၇၃။



မသက်ဆိုင်ပါကြောင်း

ကျွန်မ မမျိုးမမကျော် ၁၂/ဥကမ(နိုင်)၁၈၁၆၈၂နှင့် ဦးကျော်အေး ၁၃/ကမန(ဧည့်)၀၀၀၁၆၄တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင် ၎င်းနှင့်မည်သို့မျှပတ်သက်သက်ဆိုင်ခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။

မမျိုးမမကျော် ၁၂/ဥကမ(နိုင်)၁၈၁၆၈၂။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/ဘီ၊ မြေကွက်အမှတ် ၈ အေ/၁.၃ ၁၄ စီ/၁.၃ ၊ ဧရိယာ ၀ ဒသမ ၂၄၈ ဧက၊ (ယခုအခေါ်–ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊အင်းလျားလမ်း၊အမှတ်(၁၀၂–အေ) ဟုခေါ်တွင်သော မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ရွှေ ၁၂/ကတတ(နိုင်) ၀၁၄၂၄၁ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်+အဆောက်အအုံနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ဖော်ပြပါ မြေကွက်+အဆောက်အုံအား တရားဝင်အရောင်းအဝယ် ကိစ္စရပ်များကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအောင်မျိုးသန့်
B.A(Eco), H.G.P,Diploma in Business Law
ဥပဒေအတိုင်ပင်ခံအကျိုးဆောင်(စဉ်–၁၀၈၇၉)

အိမ်
အိမ်အမှတ် ၄၃/က၊ ရာဇသင်္ကြန် ၁လမ်း၊ (၁၁)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်။

ရုံးခန်း
အမှတ် ၇/၈၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊(မယက)ရုံးရှေ့၊ ဖုန်း–၅၇၂၁၄၅။



ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းစိုးညွန့်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၃/တကန(နိုင်)၁၂၈၂၉၃သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၀၉–၂၀၀၉၅၇၁၊ ၀၂–၈၉၃၂၇။**



ကျေးဇူးဆပ်ပါမည်

ဗိုလ်မှူးထွန်းလတ်(ငြိမ်း)၊ဒေါ်တင်မာရီ အမည်ပေါက်အိမ်ဂရန် ၇၄၉၊ ကုန်းဘောင် ၁၆လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ၌ ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဆက်သွယ်ရန်–
ဖုန်း–၅၀၁၂၈၂၊ ၅၀၃၄၀၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်ကျော်မိုး(မန်နေဂျင်းဒါရိုက်တာ)နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/နမတ(နိုင်)၀၀၈၂၆၆သည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်အတွင်းသွားလာစဉ် ကုမ္ပဏီနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် အခြားအရေးကြီးလုပ်ငန်းသုံး စာရွက်စာတမ်းများပါသောဖိုင်အိတ် မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်နှင့် ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

မောင်အောင်ကျော်မိုး
ဆက်သွယ်ရန် ဖုန်း–၀၉–၅၁–၈၇၇၇၅၊ ၀၉–၂၀–၀၅၃၇၈၊ ၀၉–၉၉–၇၂၂၇၅၊ ၀၉–၅၀–၀၅၉၄၃၊ ၀၁–၅၈၀၅၇၅။

သင့်သွေးဖြင့် အသက်ကယ်ပါ

အင္ဂမအကြိမ် ရဟန်းခံ၊ရှင်ပြု သီလရှင်ဝတ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

ဗုဒ္ဓပူဇနိယဆီမီး (၉၉၀၀)အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ အင္ဂမအကြိမ် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဝါခင်းတောင်ကျောင်း ပဓာနနာယက ဆရာတော် ဆီမီး(၉၉၀၀)အဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တစန္ဒောဘာသအား ဥပဇ္ဈာယ်ပြု ကျင်းပမည်ဖြစ်ရာ ဒုလ္လဘရဟန်း၊သာမဏေ၊သီလရှင်ဝတ်လိုသူများ ဧပြီ ၁၃ ရက်မှ ၁၉ရက်အထိ ဆွမ်းစရိတ်၊ သင်္ကန်းအပါအဝင် ရဟန်းတစ်ပါးလျှင် ငွေကျပ် ၁၈၀၀၀၊ သာမဏေ တစ်ပါးလျှင် ငွေကျပ် ၁၅၃၀၀၊ သီလရှင်တစ်ပါးလျှင် ဝတ်စုံပါငွေကျပ် ၁၈၀၀၀၊ အရုဏ် ဆွမ်းတစ်နပ်လျှင်ငွေကျပ် ၄၅၀၀၀၊ နေ့ဆွမ်းတစ်နပ်လျှင် ငွေကျပ် ၆၃၀၀၀၊ အချိုပွဲတစ်ရက်လျှင် ငွေကျပ် ၂၇၀၀၀၊ အအေးတစ်ကြိမ်လျှင်ငွေကျပ် ၅၄၀၀နှုန်းဖြင့် လှူဒါန်းလိုသူများ ဒုလ္လဘ၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများသည် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ ဖုန်း–၆၄၂၈၂၁၊ ဗုဒ္ဓပူဇနိယဆီမီး (၉၉၀၀) အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း–၀၁–၆၄၂၈၅၈၊ ၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်သည်။ **(သတင်းစဉ်)**

အလက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ ၁၉၅၈ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ထိုနှစ်များတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူ ဟောင်းများက အာစရိယပူဇော်ပွဲနှင့် ၂၀၀၈ခုနှစ်တွင် ကျရောက်မည့် ကျောင်း၏နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပနိုင်ရေး အလှူငွေပေးအပ်ပွဲကို မတ် ၂၅ရက် နံနက် ၁၀ နာရီတွင် ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ရွှေရတုအခမ်းအနားအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဒေါ်အေးမြင့်ကြည်၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း–၅၅၄၁၇၅၊ ကိုသက်တင် ဖုန်း–၇၁၇၅၆၈၊ ကိုသိန်းနိုင် ဖုန်း–၅၅၅၁၇၇၊ ကိုထွေးစံဖြူ ဖုန်း–၂၉၆၄၄၅၊ မတင်မမနိုင် ဖုန်း–၅၅၄၃၆၅၊ မစိုးစိုးသန်း ဖုန်း–၅၄၂၃၈၇၊ ကိုဇော်မင်းထွန်း ဖုန်း–၇၀၄၀၀၃၊ မသင်းသင်း၊ ကိုဝင်းနိုင် ဖုန်း–၇၀၇၇၇၄ နှင့် ကိုအောင်လွင် ဖုန်း–၅၉၂၁၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံတိုင်းရင်းဆေးပညာ သင်ကြားပြီးမြောက်ကြောင်း လက်မှတ်ချီးမြှင့်

ရန်ကုန် မတ် ၁၃

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတော်တွင် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိရာ ဆေးတက္ကသိုလ်များမှ မွေးထုတ်လိုက်သော ဆရာဝန်သစ်လွင်များအနေဖြင့် အခြေခံတိုင်းရင်းဆေးပညာ၏တန်ဖိုးကို သိရှိနားလည်နိုင်ရန် ရည်ရွယ်၍ ဆေးတက္ကသိုလ်များ၏ တတိယသင်တန်းတွင် ထည့်သွင်းသင်ကြားပို့ချပေးခဲ့ပြီး ပထမဦးဆုံးအကြိမ်အဖြစ် အခြေခံတိုင်းရင်းဆေးပညာ သင်ကြားပြီးမြောက်ကြောင်းလက်မှတ်ကို မတ် ၁၀ရက်တွင် ဆေးတက္ကသိုလ် မန္တလေး၌ ချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဆေးပညာဘွဲ့ရရှိသူ ၃၀၇ဦးတို့အား အဆိုပါလက်မှတ်ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြိုင်မြို့အထကတွင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

မကွေးတိုင်း မြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(မြိုင်တန်းမြင့်ကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို လာမည့် ဧပြီ ၃၀ရက်(ကဆုန်လပြည့်နေ့)တွင် အဆိုပါကျောင်း၌ ကျင်းပရန် စီစဉ်ထားသည်။

ရန်ကုန်မြို့တွင်ရောက်ရှိနေသော ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဧပြီ ၂၈ ရက်မှ မေ ၁ရက် ရုံးပိတ်ရက်လေးရက်အတွင်း မြိုင်မြို့သို့ အသွားအပြန် ကားအစီအစဉ်ရှိရာ မတ် ၃၀ရက် နောက်ဆုံးထားပြီး (ရန်ကုန်) ဒေါ်ခင်ဝင်းနွယ် ဖုန်း–၀၃၁–၂၅၉၉၆၊ ဦးမြင့်မောင်ကျော် ဖုန်း–၀၉–၅၁–၁၆၃၂၅၊ (မန္တလေး) ဒေါ်လေးမင်းထမင်းဆိုင် ဖုန်း–၀၂–၃၅၁၇၀၊ ကိုစိုး(မြိုင်ရတနာ)၊ (ပခုက္ကူ)ဒေါ်ဌေးကြည်၊ ပခုက္ကူတက္ကသိုလ်၊ ဦးလှဆောင်၊ ပခုက္ကူဟိုတယ်၊ (မြိုင်)ဦးညွန့်(ကျောင်းအုပ်ဆရာကြီး)တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

စားပွဲတင်တင်းနစ် သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်း၌ မတ် ၁၅ရက်မှ ဧပြီ ၁၃ရက်အထိ နွေရာသီ စားပွဲတင်တင်းနစ်အားကစား သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတွင် မြန်မာ့လက်ရွေးစင်နည်းပြများမှ စနစ်တကျပို့ချလေ့ကျင့်ပေးမည်ဖြစ်ပြီး သင်တန်းချိန်မှာ နေ့စဉ်နံနက် ၇နာရီခွဲမှ ၁၀နာရီခွဲအထိဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများ မတ် ၁၄ရက်အထိ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း–၀၉–၅၀၁၁၇၁၁၊ ဖုန်း–၀၉–၅၁၁၇၆၆၀၊ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၈၇၉၉၄သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေးဟောပြောပွဲ လားရှိုး၌ ကျင်းပ

လားရှိုး ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က လားရှိုးမြို့ သူနာပြုသင်တန်း ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ချယ်ရီက အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း ရှင်းလင်းဟောပြောသည်။

ရှင်းလင်းဟောပြော

ထို့နောက်စည်းကမ်းထိန်းသိမ်းရေး ဌာနခေါင်းဆောင် ဒေါ်စဝ်တင်မြက ယဉ်ကျေးမှုနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအကြောင်း ဟောပြောပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်မိုးမိုးခိုင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေများကို ရှင်းလင်း ဟောပြောသည်။

ပေးအပ်

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီထံသို့ သူနာပြုသင်တန်းကျောင်းသူများ၏ အမျိုးသမီးရေးရာအသင်းဝင် အဆိုပြုလွှာအစောင် ၂၉၀ကို သူနာပြုသင်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေယုံက ပေးအပ်ရာ နာယကက ရင်ထိုးတံဆိပ်နှင့် အသင်းဝင်ကတ်များ ပြန်လည်ပေးအပ်သည်။ **(အမျိုးသမီးရေးရာ)**

ကရင်ပြည်နယ်တရားရုံးလုပ်ငန်း အတွေ့အကြုံထပ်ဆင့်ရှင်း

ဘားအံ ဖေဖော်ဝါရီ ၂၈

တရားရုံးချုပ် ပြည်နယ်/တိုင်းတရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကိုဖေဖော်ဝါရီ ၁၇ရက် နံနက်၉နာရီက ဘားအံမြို့ ကရင်ပြည်နယ်တရားရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများ၊ ဦးစီးအရာရှိနှင့်ဒုတိယဦးစီးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်တရားသူကြီး ဦးတင်ဝင်း**(အပေါ်ပုံ)**က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မိန့်ကြားချက်၊ တရားရုံးချုပ်မှ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ်၊ ညွှန်ကြားရေးမှူးချုပ်တို့၏ မှာကြားချက်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး အမှုများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ပြီး ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်သင့်သော အမှုများကို ထိရောက်စွာ ပြစ်ဒဏ်ချမှတ်ရန်၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရန်နှင့် ပြည်သူများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်ရန်တို့ အတွက် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ကြီးမြို့နယ် ရွှေညောင် အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၀၅-၂၀၀၆ပညာသင်နှစ် အတွက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမက ဘာသာရပ်ထူးချွန်စွာ သင်ကြားသူ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုံးညွှန့် ဖေဖော်ဝါရီ၁၅ရက်က မြင်းခြံမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် ပလက်ဖောင်း အသစ်များပြုပြင်နေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာ(၁၆) နှင့် (၂၂) ထွန်စက်ကြီးများ လွှဲပြောင်းပေးအပ်ပွဲ မင်းဘူး၌ ကျင်းပ

မင်းဘူး မတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာ(၁၆)၊ လယ်ယာ(၂၂)လယ်ထွန်စက်နှင့် ထွန်စက်ကြီးများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၂ရက်က မင်းဘူးမြို့ အမှတ်(၈)ထွန်စက်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တက်ရောက်အမှာစကားပြောကြားပြီး တိုင်းစက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ဝေနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဒေါ်ခင်အေးမြင့်တို့က လွှဲပြောင်းပေးအပ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ လယ်ယာ(၁၆) လယ်ထွန်စက် ၁၆စီး၊ လယ်ယာ (၂၂) လယ်ထွန်စက်၂၂စီး၊ ထွန်စက်ကြီးငါးစီးအား လွှဲပြောင်းပေးအပ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စက်ဝယ်ယူသူ တောင်သူများအား ဆက်လက်လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ စုပေါင်းထွန်ယက်ပွဲကို ရေပုတ်ကျေးရွာ ဦးဝင်းမောင်နှင့် ဦးဘိုးသံတို့၏ လယ် ၁၅ဧကတွင် လယ်ယာ(၁၆)၊ လယ်ယာ(၂၂)တို့ဖြင့် စုပေါင်းထွန်ယက်ရာ တိုင်းဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ခရိုင်ဥက္ကဋ္ဌဦးမြင့်သူရ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပလောက်မြို့ ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်နှင့် ရေဒီယိုကက်ဆက်လှူဒါန်း

ပလောက် ဖေဖော်ဝါရီ ၂၈

မြိတ်ခရိုင် ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို ကက်ဆက်နှင့် ရေဒီယိုများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရောင်စုံရုပ်မြင်သံကြားပြစက်နှစ်လုံး၊ ရေဒီယိုကက်ဆက်နှစ်လုံး၊ ရေဒီယိုနှစ်လုံးတို့ကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးဦးဇော်လင်းက သုတ၊ ရသစာအုပ်မျိုးစုံ ၉၂၅ အုပ်ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံများက လက်ခံရယူကြသည်။**(အပေါ်ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲ ကွန်ဟိန်း၌ ကျင်းပ

ကွန်ဟိန်း ဖေဖော်ဝါရီ ၂၆

ကွန်ဟိန်းမြို့နယ် စံပြကျေးရွာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ထူးချွန် ကျောင်းသူကျောင်းသားများနှင့် အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မိတ္ထီလာမြို့ အမှတ် (၁၃၇) ပြည်သာယာတောင် အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းကျောင်းသူ မနန်းနုအိမ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဝေက ဆုချီးမြှင့်စဉ်။ (၄၁၄)

မီးဘေးရှောင် မလောင်ခင်တား

ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ တည်ဆောက်လျက်ရှိသော ကျေးလက်အိမ်ရာ နှစ်လုံးကို ဖေဖော်ဝါရီ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၉၈)

နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန် အိမ်ရာ အခန်းအမှတ်(၃) နေ ဦးအောင်လှထူး - ဒေါ်ယဉ်နု မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ၀ါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဟသ်ာတမြို့နယ် ဝဲကြီးကျေးရွာတွင် မီးစက်ဖွင့်

ဟသ်ာတ မတ် ၃

ဟသ်ာတမြို့ သမ္ဘရာတိုင်းအုပ်စု ဝဲကြီးကျေးရွာ ဝဲကြီးကျောင်းတိုက် ဆရာတော်ဦးပညာဝံသအား အမှူးထား၍ ဝဲကြီးကျေးရွာ ပြည်သူများစုပေါင်း၍ ကျေးရွာလျှပ်စစ်မီးထွန်းနိုင်ရေးအတွက် မီးစက်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက်၁၀နာရီက အဆိုပါကျေးရွာ ရွာလယ်လမ်းမ၌ ကျင်းပရာ ဆရာတော် ဦးပညာဝံသ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်ဦး၊ အလှူရှင်များကိုယ်စားဦးသာအောင်(အဝေရာ)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

ဆွေးနွေး

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၇)ရပ်မှ လျှပ်စစ်မီး၏ အရေးပါမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

အိမ်ခြေ

အဆိုပါမီးစက်နှင့် အဆောက်အအုံမှာငွေကျပ် ၄၂သိန်း ကုန်ကျခဲ့ပြီး အိမ်ခြေပေါင်း ၂၀၀ကို မီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေတောင်မြို့ ရွှေနတ်တောင်စေတီတော် လုံးတော်ပြည့် ရွှေသက်န်း ဆက်ကပ်လှူဒါန်းမည်

ရွှေတောင် မတ် ၅

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရွှေနတ်တောင် စေတီတော်မြတ်ကြီးအား ဒီဇင်ဘာလတွင် ငွေကျပ်သိန်း ၉၀၀ခန့်အကုန်အကျခံ၍ ကိုယ်လုံးတော်ပြည့် ရွှေသက်န်း ကပ်လှူ ပူဇော်မည်ဖြစ်ရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် ရွှေသက်န်းတစ်ချပ်လျှင် ငွေကျပ် ၂၀၀နှုန်း၊ ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် နှစ်သောင်းနှုန်း၊ စေတီအရံတစ်ဆူလျှင် ငွေကျပ် လေးသိန်းနှုန်းတို့ဖြင့် လှူဒါန်းနိုင်ရန် ဂေါပကအဖွဲ့က နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဦးအောင်မြင့် ဖုန်း-၀၁-၃၈၄၁၉၀၊ ဦးကျော်အေး ဖုန်း-၀၉-၅၁ ၂၀၃၈၆၊ ဒေါ်ညွန့်ညွန့်ခင် ဖုန်း-၀၉-၅၁ ၄၀၂၀၃၊ ဦးရဲမြင့် ဖုန်း- ၀၉-၅၁ ၃၀၂၄၅၊ ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၃ ၁၀၇၅၆၊ ဦးတင်မောင်မြင့် ဖုန်း-၀၉-၅၀၀ ၁၈၃၈ နှင့် ဦးလှထွန်းမြင့် ဖုန်း-၀၉-၅၃ ၁၀၁၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အထက်ရွာရပ်ကွက် တောင်ပေါ်ကျောင်း ပရိယတ္တိစာသင်တိုက် သာသနနုဂ္ဂဟအဖွဲ့က ကြီးမှူး၍ ရပ်နီးရပ်ဝေး အလှူရှင်များ စုပေါင်းကာငွေကျပ်သိန်း၅၀၀ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးသွားသည့် ဓမ္မဂုဏ်ရည် သုံးထပ်တိုက်ကျောင်းဆောင်ကြီးနှင့် သာသနိကအဆောက်အအုံများကို မတ် ၂ရက်က တွေ့ရစဉ်။ (က-ပ)

မီးကြွင်းမီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ

ကလေးများအစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံ အသိပညာပေးရှင်းလင်းပွဲ ပင်လောင်း၌ ကျင်းပ

ပင်လောင်း မတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်း မြို့နယ် ကျန်းမာရေးဦးစီးဌာနက အသက် ကိုးလမှ ငါးနှစ်အောက် ကလေးများ အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းနှင့် ပတ်သက်၍ မြို့နယ်အဆင့်အသိပညာပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက်၁၀နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ခေတ္တတာဝန်ခံ ဒေါက်တာဒေါ်ခင်သိန်းထွေးက အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းအကြောင်းကို ဆွေးနွေးဟောပြောသည်။

တက်ရောက်

အခမ်းအနားသို့ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာန တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီးမြို့ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ၄ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပန်းတနော်မြို့ ဆေးရုံများသို့ အလှူငွေနှင့် ဆေးများလှူဒါန်း

ပန်းတနော် မတ် ၇

ရန်ကုန်မြို့ ၂၇ လမ်း အမှတ် ၂၀၈ နေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီတို့အားအမှူးထား၍ အောင်သပြေကုမ္ပဏီလီမိတက် (ဖယောင်းပုဆိုး၊ ကော်ဇောရောင်းဝယ်ရေး)က ပန်းတနော်မြို့ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံနှစ်ရုံသို့ ဆေးပဒေသာပင်နှင့် ဆေးဝါးပစ္စည်းငွေကျပ်၃၂သိန်း လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြဦးနှင့် ဆေးရုံကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်

အလှူငွေနှင့် ဆေးဝါးပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကြသည်။**(အောက်ပုံ)**

လှူဒါန်းခဲ့

ထို့နောက် ညနေ ၃ နာရီတွင် ပန်းတနော်မြို့ သမိုင်းဝင် ရွှေမြင်တင်စေတီတော်အတွက် ထာဝရငွေပဒေသာပင် ငွေကျပ်သိန်း ၁၀၀နှင့် မျက်စိခွဲစိတ်ကုသမည့်ဝေဒနာရှင်များအတွက် ငွေကျပ်ခြောက်သိန်း ထပ်မံလှူဒါန်းခဲ့ပြီး အဆိုပါ လှူဒါန်းငွေစုစုပေါင်းကျပ် ၁၃၈ သိန်းကို ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မူလတန်းလွန်ကျောင်း ရေစကြိုမြို့၌ ဖွင့်

ရေစကြို မတ် ၅

ရေစကြိုမြို့နယ် စည်သာစံပြ ကျောင်းတိုက်အတွင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒ ဦးစီးဖွင့်လှစ်ခဲ့သော ဘုန်းတော်ကြီးသင် မူလတန်းကျောင်းမှ အဆင့်မြှင့်တင်၍ မူလတန်းလွန်ကျောင်းဖွင့်ပွဲနှင့် ယင်းကျောင်းဝိုင်းအတွင်း ရွှေစည်သာ စာဥယျာဉ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးခင်ဇော်နှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူရှင်များ၏ အလှူငွေများကို ကျေးရွာဥက္ကဋ္ဌဦးခိုင်ငွေက လက်ခံယူကြောင်း သိရသည်။ **(၂၅၁)**

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၁၃ ရက်
၁၅-၃-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ကုန်စည်တံဆိပ်ရွှေခရီးစဉ်များ)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သြရသ-သားသမီးအခွင့်အရေး ဥပဒေ (ဦးကျော်ဇေယျ)
(၂) လူချို့ဝတ္ထု (ခင်ဆွေဦး)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (စိတ်ကျခြင်းလက္ခဏာများ ပြေပျောက်ဖို့အကြောင်း- မောင်ဆုရှင်)
၁၂:၃၀ အစာနှင့် အာဟာရ (သီးသီး)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇:၀၀ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဆုရတေးများ - တပ်မတော်စာတိုက်
၁၇:၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ဖြတ်သင့်လေသော ကြိုးကလေး (ဌေးဌေးမြင့်)
(၂) ဖြတ်မရတဲ့ကြိုး (ဟသ်ာတထွန်းရင်)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (လွမ်းလွင့်လိပ်ပြာ)
၁၉:၃၀ ခေတ်မရွေးသော တေးများ
(၁) အုံ့ပုန်းချစ် (မောင်ကိုကို)
(၂) မောင် (မေဆွိ)
(၃) ရွှေကိန္နရီလား သူဇာလား (တင်ဦးလေး)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကိုယ့်ချစ်သူကောင်းစားရေးအတွက် (ကိုကျော်ညွန့်)
(၂) စပယ်ပွင့်ပြီမောင် (တင်တင်ထွေး)
(၃) ညမွှေးပန်း (ဂီတာဖေဝင်း)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးသော ရေစက်ရုံအမှတ်(၅) လွတ်လပ်ရေးပန်းခြံ ရေစက်ရုံကို ဖေဖော်ဝါရီ ၇ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင် အသုံးပြုပုံ လက်တွေ့ပြသ

မြိတ် ဖေဖော်ဝါရီ ၂၈

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေး ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ၊ ပလတ်စတစ် ယင်လုံအိမ်သာခွက်နှင့်ပိုက်များ၊ အိုင်အိုဒင်းဆားထုပ်များ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၇ နာရီက မြိတ်မြို့ ရေပုန်းရပ်ကွက်နှင့် မြိတ်တောင်ရပ်ကွက်တို့တွင် ကျင်းပသည်။

ရှေးဦးစွာ ပတ်ဝန်းကျင်သန့်ရှင်းရေး ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ၊ ပလတ်စတစ် အိမ်သာခွက်နှင့် ပိုက်များ၊ အိုင်အိုဒင်းဆားထုပ်များ လှူဒါန်းပွဲကို မြိတ်မြို့ ရေပုန်း ရပ်ကွက်တွင် ကျင်းပရာ ရပ်ကွက်နေ ပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက်နှင့် နေအိမ်ခြံဝင်းများအတွင်း အမှိုက်များကို ရှင်းလင်းဆောင်ရွက်ကြရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ပါဝင်၍ ရှင်းလင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက ပလတ်စတစ် ယင်လုံအိမ်သာခွက်နှင့် ပိုက်များကိုလည်းကောင်း၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က ဆေးစိမ်ခြင်ထောင်များကိုလည်းကောင်း လှူဒါန်းရာ ရပ်ကွက်ပြည်သူများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်ညွန့်ညွန့်လွင်က ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင် အသုံးပြုရန် လိုအပ်ပုံနှင့် ခြင်ထောင် ဆေးစိမ်နည်းကို လက်တွေ့သရုပ်ပြ ဆွေးနွေး ဟောပြောသည်။

ဆက်လက်၍ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် အိုင်အိုဒင်းဆားထုပ်များကို ရပ်ကွက်အိမ်ထောင်စုများသို့ ဝေငှပေးသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီး စည်ပင်သာယာကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၅

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အုန်းတော ၂ ရပ်ကွက် စည်ပင်သာယာကျောင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါလမ်းမှခ်ဦး၌ ကျင်းပသည်။

ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သောင်းခင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အုန်းတော ၂ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

အင်းတော်မြို့နယ် သံဃနာယကအဖွဲ့ ရွေးချယ်ရေး စည်းဝေး

အင်းတော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် သံဃနာယကအဖွဲ့ ၂၅ရာခိုင်နှုန်း အနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်း အစည်းအဝေးကို ဇန်နဝါရီ ၂၁ရက် မွန်းလွဲပိုင်းက အင်းတော်မြို့ မြို့မ ပရိယတ္တိစာသင်တိုက် စိန်ရတနာ ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုဝန်ဆောင်ဆရာတော် ကောလင်းမြို့ လေသာကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒဝံသ အမှူးပြုသော ကြီးကြပ်ဆရာတော်ငါးပါးနှင့် အင်းတော်မြို့နယ်ရှိ ဆရာတော်၊ သံဃာတော်အပါး ၃၇၀တို့ ကြွရောက်တော်မူကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေး ဦးစီးမှူး ဦးကျော်ဌေးနှင့် တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၁၃၃)**

အ မြို့မြို့ အနယ်နယ် သတင်းများ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက် ဘဒ္ဒန္တသိရီကဋ္ဌန (တိုက်အုပ်ဆရာတော်)၏ ဝိဇာတမွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းငါးသောင်းကို တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ အာဟာရပဒေသာအဖြစ် ဆရာတော်ကိုယ်စား ဦးဝင်းသိန်းက လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင်က လက်ခံယူစဉ်။ (၃၈၀)

ဒေါင်းတောင်-မဲရုံလေးလမ်း ဂဝံခင်းမှုဆောင်ရွက်

ကျိုက်ထို မတ် ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေါင်းတောင်-မဲရုံလေး လမ်းအတွက် ဂဝံကျောက် စုဆောင်းထားရှိမှုနှင့် ဂဝံခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇီဝိတဒါန အခမဲ့ဆေးခန်း တောင်ကြီး၌ ဖွင့်လှစ်

တောင်ကြီး မတ် ၅

နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော်ကြီး အမှူးပြု၍ နာယက သြဝါဒါစရိယ ဆရာတော်ကြီးများ ဦးစီးတည်ထောင်သည့် မေတ္တာရှင် နာရေးကူညီမှုအသင်း၏ ဇီဝိတဒါန အခမဲ့ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂နာရီက တောင်ကြီးမြို့ ချမ်းမြသာစည်ရပ် နဂါးပွက် ကျောင်းတိုက်ဝင်းအတွင်း မေတ္တာရှင် နာရေးကူညီမှု အသင်းခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ဆက်ကပ်

အခမ်းအနားတွင် နာယကဆရာတော်ကြီးများအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး စွန်းလွန်းဆရာတော်ကြီးက အနုမောဒနာတရား ချီးမြှင့်သည်။

ဆက်လက်၍ ဆေးခန်းကို ခရိုင်ဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် မေတ္တာရှင်အသင်းဥက္ကဋ္ဌ ဦးညွန့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** အသင်းနာယက ဦးဝင်းမင်းက ဆေးခန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အလှူရှင်များက အလှူငွေများနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ကုသပေး

အဆိုပါ တောင်ကြီးမြို့ မေတ္တာရှင် နာရေးကူညီမှုအသင်းသည် ပြည်သူလူထု ကျန်းမာရေးအတွက် ကား၊ အောက်ဆီဂျင်ဘူး၊ သွေး၊ ဆေးဝါး လိုအပ်သူများကို အခမဲ့ဆေးခန်းဖွင့်လှစ်၍ စေတနာဆရာဝန်များက နေ့စဉ် ညနေ ၅နာရီမှ ၇နာရီအထိ လူနာများကို အခမဲ့ ကုသပေးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

အကယ်ဒမီဆုနှင့် စာပေထူးချွန်သူများ ဂုဏ်ပြု

ရန်ကုန် မတ် ၁၃

၂၀၀၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီ)၌ အသံထူးချွန်ဆု ရရှိခဲ့သော ဦးရဲဝင်း(ခ)ရစ်ချက်ရဲဝင်းနှင့် ၂၀၀၅ခုနှစ် စာပေဗိမာန် စာမူပြိုင်ပွဲ၌ စာပဒေသာ ဒုတိယဆုရ သတင်းထောက်သောင်းညွှန့်(ဖျာပုံ)တို့အား ဂုဏ်ပြုပွဲကို မတ် ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်း အမှတ် ၂၈၇တွင် ကျင်းပရာ ဦးလှမောင် (အငြိမ်းစားသံအမတ်ကြီး)၊ ဦးမြင့်သိန်း (ငြိမ်းချမ်းလုလင်)၊ ဦးဝင်းငြိမ်း(အလင်းတန်းဂျာနယ်)တို့နှင့် တက်ရောက်လာကြသည့် စာပေအနုပညာရှင်များက ဂုဏ်ပြုစကားများ ပြောကြားပြီး **(အောက်ပုံ)** ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အခမ်းအနားတွင် ဦးရဲဝင်း(ခ)ရစ်ချက်ရဲဝင်းနှင့် သတင်းထောက် သောင်းညွှန့်(ဖျာပုံ)တို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး သုတ၊ ရသစာအုပ်များ မြင်းမူမြို့၌ ပေးအပ်လှူဒါန်း

မြင်းမူ မတ် ၈

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မြင်းမူမြို့နယ်သို့ရောက်ရှိပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးညိုအုန်းနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မြင်းမူမြို့နယ်အတွင်းရှိ စပါယ်ကန်ကျေးရွာ မြဝတီစာကြည့်တိုက်၊ ကြော့မင်းကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက်၊ ငွေးပင်တောကျေးရွာ ရာသက်ပန်စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက် အဆောက်အအုံများဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး စာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ် ၅၀စီ လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
နယ်တရားမရုံးတော်၌။
၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၉၅ နှင့် ဆက်သွယ်သည်။
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်-၇၀ နှင့် ဆက်သွယ်သည်။

ဒေါ်ဥမ္မာကို **နှင့်** ၁။ ဦးမင်းလွင် ၂။ ဒေါ်ခင်စန်းမြင့် ၃။ ဒေါ်ခင်ကြည်

ဒီကရီအနိုင်ရသူ **တရားရှုံး**

၁။ အမှတ်-၁၂၈၀၊ ယောမင်းကြီး၁လမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းနေ ဦးမင်းလွင်နှင့် ဒေါ်ခင်စန်းမြင့်၊
၂။ အမှတ်-၁၃၄၊ သဃ်န်းကျွန်းလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းနေ ဒေါ်ခင်ကြည်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၉၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဥမ္မာကိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၇ခုနှစ် မတ် ၂၃ရက် (၁၃၆၈ခုနှစ် တန်ခူးလဆန်း ၆ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၇ခုနှစ် မတ် ၁၂ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မြမြဝင်း (တ/၁၇၆၂)၊ ဒုတိယ ခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး။

သစ္စာ

အာမခံ စိန်၊ ရွှေ ရတနာဆိုင်

(DENSITY 17.8)

အထူးသတင်းကောင်း + 2007 CALENDAR

အမှတ် (၃၃၆) မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

☎ : 01-513109,701387,500544
: 095179721

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၀/၂၀၀၅

ခရိုင်မန်နေဂျာ **နှင့်** ၁။ ဦးမြင့်ဆွေ
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်မာမာဝင်း
မိတ္ထီလာမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၂၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် ဧပြီလ ၆ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ် (ဈ/ပြည်သာယာ-မ)မြေကွက်အမှတ် (၁၇၃) မြေချိန်ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေနှင့် ၎င်းမြေပေါ်ရှိ (၃၆x၂၇)ပေရှိ လူနေတစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း။

လေလံကြမ်းခင်းဈေး ကျပ်သိန်း (၄၀)။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ပေါင်းစည်းပြေစာနှင့် Demand Paper(အကြီး/အသေး)	ရွက်ရေ(၂၂)သိန်း
(ခ)	Ribbon (Tally)	(၃၀)ခု

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၃-၃-၂၀၀၇ရက် (၁၆း၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ်၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူ ရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
(ဓာတ်သတ္တု ပြည်ပရောင်းချရေးဌာနခွဲ)

အောက်ပါပစ္စည်းများကို ရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါပေးသွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

၁။	**ပစ္စည်းအမျိုးအမည်နှင့် တန်ချိန်**	- Nickel Speiss 72 Mts
၂။	**DELIVERY**	- FOB (Namtu)
၃။	**PRICING**	- FIXED PRICE IN EURO
၄။	**PAYMENT**	- 100% Full amount by Telegraphic Transfer(T.T) to MFTB not later than (20)days after acceptance of the offer
၅။	**တင်ဒါပိတ်ရက်နှင့် အချိန်**	- ၂၈-၃-၂၀၀၇ရက် မွန်းတည့် ၁၂း၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၀၉၃၈၁၊ ၀၆၇-၄၀၉၃၈၃ နှင့် ၀၁-၅၁၂၈၉၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊
သတ္တုတွင်းဝန်ကြီးဌာန။

တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၇လမ်း၊ အမှတ်၆၉ (၈)လွှာ(၂)ခန်းအား ဝယ်ယူလက်ရောက်ရကြောင်း ကြေညာခြင်း

အကြမ်းထည်ပြီးစီးသော ၁၅၇လမ်း၊ အမှတ်(၆၉)၏ (၈)လွှာ(၂)ခန်းတွဲအား ဦးခင်မောင် ၁၂/ဗဟန(နိုင်)၀၈၁၃၆၂က အမှန်နေထိုင်ရန် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ၁၈-၇-၂၀၀၅ရက်နေ့က စာချုပ်၍ဝယ်ယူရာ ငွေကျပ် ၃၆သိန်း ပေးပြီးသည့်နေ့က ရောင်းသူ ကန်ထရိုက် ဦးကျော်လွင်မှ စတိုလက်ရောက်ပေးခဲ့ပါသည်။ မြို့တော်စည်ပင်မှ အဆောက်အအုံပြီးကြောင်း (B.C.C) လက်မှတ်ရပါက ဦးခင်မောင်၏ မိသားစု တက်ရောက်နေထိုင်မည်ဖြစ်ပါသည်။ တက်ရောက်နေထိုင်မည့် ကာလအတွင်း ပိတ်ပင်တားဆီးမှုများပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခင်မောင်မောင် B.A(D.S.A)B.L.တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၁၃၊ ၄၂လမ်း၊ ဒုတိယထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၀၁၈၉၊ ၂၇၆၄၈၁။

ကျော်သိန်း (စာပေ)

RUBY

အလွှာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီ ဦးတင်မြင့်(ခ)
ဟာဂျီဦးအီစမန်အင်
(မိုးကုတ်မြို့)
အသက်(၈၁)နှစ်

မန္တလေးမြို့ ၃၄လမ်းX၇၅လမ်းထောင့်နေ ဟာဂျီ ဦးလှမြင့်-ဟာဂျီမ ဒေါ်သောင်းကြည်(ပတ္တမြားစတိုး)တို့၏ညီ၊ မိုးကုတ်မြို့ မူစလင်ရပ်နေ ဟာဂျီမ(ဒေါ်သန်းရီ)၏ခင်ပွန်း၊ မန္တလေးမြို့ ၈၃လမ်း၊ ၃၅လမ်းX ၃၆လမ်းကြားနေ ဟာဂျီမ ဒေါ်မြင့်မြင့်ဝင်း၊ မိုးကုတ်မြို့ မြို့လယ်ရပ်နေ ဟာဂျီ ဦးတင်မောင်ဝင်း-ဒေါ်မြမြဝင်း၊ ဦးခင်မောင်မြင့်- ဒေါ်ခင်ဆွေသန်း၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ရီ၊ ဦးခင်မောင်ဌေး-ဒေါ်နွယ်နွယ်ဆွေ၊ မူစလင်ရပ်နေ Dr.ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးခင်မောင်ထွေး- ဒေါ်နွယ်နီဝင်း၊ ရန်ကုန်မြို့ လမ်း၉၀နေ ဦးခင်မောင်လွင်-ဟာဂျီမဒေါ်ရီရီဝင်းတို့၏ ဖခင်၊ မြေးမြစ်၂၃ယောက်တို့၏ အဘိုးသည် ၁၀-၃-၂၀၀၇ရက်(စနေနေ့)နံနက် ၂း၁၅ နာရီတွင် မိုးကုတ်မြို့နေအိမ်၌ အလွှာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီ၌ ဗိုဟိုအငြိမ်းတွင်ဒါဖနာပြီးဖြစ်ကြောင်းရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မကွေးမြို့ အမှတ်(၈)၊ မဲထီးလမ်း၊ အိုးဘိုရပ်နေ ဒေါ်ခင်စိန်၏ ခင်ပွန်း ဦးရှိန်(မကွေး) (ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာ) သည် ၈-၃-၂၀၀၇ ရက် ညနေ ၆း၄၅ နာရီတွင် အာရုတော်ဝင် အထူးကု ဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မကွေးမြို့ ကရဏာရှင်များ နာရေးကူညီမှု
အသင်းသူ၊ အသင်းသားများ။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ-ဒေါ်ခင်မေစိုးတို့၏ ဖခင် ဦးညွန့် အသက်(၈၃)နှစ် (မြောင်းမြ)သည် ၁၁-၃-၂၀၀၇ရက်(တနင်္ဂနွေနေ့) ၀၉း၃၀နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးနှင့်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ-ဒေါ်ခင်မေစိုးတို့၏ ဖခင် ဦးညွန့် အသက်(၈၃)နှစ် (မြောင်းမြ)သည် ၁၁-၃-၂၀၀၇ရက်(တနင်္ဂနွေနေ့) ၀၉း၃၀နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့။

ကျေးဇူးတင်ရှိခြင်း

ဒေါ်သန်းရွှေ (ဟသ်ာတ)
အသက်(၇၆)နှစ်

၈-၃-၂၀၀၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဒေါ်သန်းရွှေ အသက်(၇၆)နှစ် နာမကျန်းစဉ်က ပြုစုကုသပေးခဲ့ကြသော SAKURA အထူးကုဆေးခန်းမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ နာမကျန်းစဉ်နှင့် ကွယ်လွန်ချိန်တွင် အားပေးသတင်းမေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဈာပနအခမ်းအနားတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခြင်း ပေးပို့ခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

တောင်ကုတ်မြို့နယ် ဘာယေကျေးရွာ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဖေဖော်ဝါရီ ၂၇ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆုချီးမြှင့်

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ဦးမောင်မောင် (ရွှေစံအိမ်) စာပေဆု ချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က ကျင်းပရာ စာပေထူးချွန်ဆုရရှိသော ကျောင်းသူတစ်ဦးအား ဦးမောင်မောင် (ရွှေစံအိမ်) မိသားစုက ဆုချီးမြှင့်စဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၄ရက်က သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းစစ်ဆေးရာ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး စံချိန်စံညွှန်းနှင့်အညီဖြစ်ရေး၊ အချိန်မီပြီးစီးရေး၊ စနစ်တကျကြိုးပမ်းဆောင်ရွက်ရန် မှာကြား

နေပြည်တော် မတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် မတ် ၁၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ်သို့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား တွေ့ဆုံ စစ်မှန်သော ပညာတတ်များထွက်ပေါ်လာပြီး ပညာရွှေအိုးများဖြစ်လာအောင် စေတနာထားဆောင်ရွက်

နေပြည်တော် မတ် ၁၃

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအုပ်စုရှိ ချောင်ရှည်ချောင်း ချောင်းကောတူးဖော်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

NLD ပါတီ၏လုပ်ရပ်များကြောင့် ပါတီအပေါ်ထောက်ခံမှု စိတ်ဝင်စားမှုမရှိ မိမိတို့၏စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်ရန်အတွက် ဆောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ခြောက်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မတ် ၁၃

မကွေးတိုင်း ဆောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဆောမြို့ သီရိရပ်ကွက်မှ ဦးရဲတင့်၊ ဒေါ်တင်တင်၊ ဦးလှသောင်း၊ မင်းလယ်ကျေးရွာမှ ဦးမျိုးချစ်၊ သီးကုန်းကျေးရွာမှ ဦးစိုးမြင့်၊ ဆီမီးကျေးရွာမှ ဦးရွှေမောင်းတို့ ခြောက်ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဆောမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် (NLD) ပါတီ၏ လုပ်ရပ်များကြောင့် ယင်းပါတီအပေါ် ထောက်ခံမှု၊ စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ ၎င်းတို့၏စီးပွားရေးလုပ်ငန်းများကိုသာ ဖောက်ချလုပ်ကိုင်ဆောင်ရွက်သွားလိုသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ

၁၄-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။